# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၉)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၄ ရက် ၊ ၈-၁၂-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြားပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်မှုအခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ❍

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၇**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **မိုး/ဧလ**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## အမျိုးသားကန်တော်ကြီးဥယျာဉ်၌ ပန်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ (၁၈)ကြိမ်မြောက် ပန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းကကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်နှင့် ဦးမျိုးသန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ထူးကဲမွတ်ကီမျိုးသူများ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သမိုင်းအစဉ်အလာကို တန်ဖိုးထားဂုဏ်ယူနိုင်စေရန်၊ ရုက္ခဗေဒပညာရပ်၏ အရေးပါမှုနှင့် အကျိုးပြုမှုတို့ကို ပိုမိုသိရှိတန်ဖိုးထားတတ်လာစေရန်၊ ပြည်သူအများ ဗဟုသုတတိုးပွားပြီး စိတ်ကြည်နူးစွာ အပန်းဖြေနိုင်စေရန်နှင့် ဒေသလူမှုစီးပွားနှင့် ခရီးသွားလုပ်ငန်းကဏ္ဍကို အထောက်အကူပြုနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပန်းပွဲတော်ကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ၁၉၂၄ ခုနှစ်မှာ မေမြို့ရုက္ခဗေဒဥယျာဉ်ကြီးဝိုင်းအဖြစ် သတ်မှတ်ကြေညာ တည်ထောင်ခဲ့သည့် အမျိုးသားကန်တော်ကြီးဥယျာဉ်မှာ ယခင်နှစ် ၂၀၂၄ ခုနှစ်တွင် နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီး ရာပြည့်ပွဲအခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အထိမ်းအမှတ် (Landmark)တစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၌ နှစ်စဉ်ကျင်းပလျက်ရှိသည့် ပန်းပွဲတော်သည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသလူမှုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည့်အတွက် နှစ် ၁၀၀ ကျော်တိုင်ခဲ့ပြီဖြစ်သော အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သမိုင်းအစဉ်အလာကို ဂုဏ်ယူ၍ လက်ဆင့်ကမ်းတန်ဖိုးထား ထိန်းသိမ်းသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့၊ ထူးကဲမွတ်ကီမျိုးသူများ တာဝန်ရှိသူတို့က အမျိုးသားကန်တော်ကြီးဥယျာဉ်၏ (၁၈) ကြိမ်မြောက် ပန်းပွဲတော်စွဲမက်ဖွယ်ရာ ပန်းခင်းကမ္ဘာ (Immersive Flowers Festival)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းပွဲတော်အဖွင့် မြန်မာ့ဆိုင်းဝိုင်းနှင့် သစ္စာမိရာဇ်ဖျော်ဖြေရေးအဖွဲ့တို့တွဲဖက်၍ နိုင်ငံကျော်တေးသံရှင်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေတင်ဆက်သည့် အဖွဲ့များအတွက် ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ပြကွက်များအလိုက် အလှပန်းမန်များ စိုက်ပျိုးထားရှိမှု၊ ပြည်သူများ လာရောက်အပန်းဖြေ အနားယူနေကြမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

(၁၈)ကြိမ်မြောက် ပန်းပွဲတော်အား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပန်းပွဲတော်အပါအဝင် ပြင်ဦးလွင်မြို့ရှိ အပန်းဖြေစခန်းများနှင့် အထင်ကရနေရာများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## တံတားဦးမြို့နယ် ကျေးရွာနှစ်ရွာ၌ဆောင်ရွက်ပြီး ရေပေးရေးလုပ်ငန်းများ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**တံတားဦး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ဈေးချိုကျေးရွာနှင့် ပန်းယျ(မ)ကျေးရွာတို့၌ရေရရှိရေး လုပ်ငန်းများ လုပ်ငန်း လည်ပတ်မှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စု၊ ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ ရေရရှိရေးလုပ်ငန်းများ လုပ်ငန်းလည်ပတ်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ရေပေးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ ပန်းယျ(မ)ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ၂ ဒသမ ၇၅ သန်းဖြင့် 1.5 HP မော်တာပြုပြင်ခြင်း၊ Compressor ပြုပြင်ခြင်း၊ ဆက်စပ်မီးကြိုးပြုပြင်ခြင်းနှင့် တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းနှင့် ဈေးချိုကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ ၂ ဒသမ ၄ သန်း စက်ရေတွင်းအရှည်ပေ ၇၀၊ ငါးပေါက်တွင်း တွင်းဆေး၊ တွင်းမှုတ်ခြင်းနှင့် 12HP Compressor ပြုပြင်ခြင်းလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အောင်ရဲကျော်)**

## ကျောက်ဆည်မြို့၌ ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူ့သက်သာဈေးဖွင့်လှစ်ပြီး အခြေခံစားသောက်ကုန်များအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ ဝက်သား ၃၅ ပိဿာ၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား ၁၅ ပိဿာ၊ စားအုန်းဆီ ပိဿာ ၁၀၀ ရောင်းချပေးခဲ့ကြောင်းနှင့် ဝက်သား တစ်ပိဿာ ပြင်ပပေါက်ဈေး ငွေကျပ် ၃၈၀၀၀ ဖြစ်သော်လည်း ငွေကျပ် ၂၆၀၀၀ ဖြင့်လည်းကောင်း၊ အမဲသားတစ်ပိဿာ ပြင်ပပေါက်ဈေး ငွေကျပ် ၃၃၀၀၀ ဖြစ်သော်လည်း ငွေကျပ် ၂၅၀၀၀ ဖြင့်လည်းကောင်း၊ ဆိတ်သား တစ်ပိဿာ ပြင်ပပေါက်ဈေး ငွေကျပ် ၄၂၀၀၀ ဖြစ်သော်လည်း ငွေကျပ် ၂၈၀၀၀ ဖြင့်လည်းကောင်း၊ စားအုန်းဆီ တစ်ပိဿာ ပြင်ပပေါက်ဈေး ငွေကျပ် ၁၁၀၀၀ ဖြစ်သော်လည်း ငွေကျပ် ၇၅၀၀ ဖြင့်လည်းကောင်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သက်မောင်**

**(ကျောက်ဆည်)**

၀-၀-၀-၀-၀

## မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၇**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မန္တလေးတိုင်းဒေသကြီးတွင် အပိုင်း(၃)ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၈ ရက်နေ့တွင် အပိုင်း(၁)ကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့်ပေါင်းစပ်ပြီး လုံခြုံရေးသတိ၊ လုံခြုံရေးအသိတို့ဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့သည်။ **(အောက်ပုံ)**

အစည်းအဝေး၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် မဲဆန္ဒရှင်စာရင်းများအား မြို့နယ်များအလိုက် တစ်အိမ်တက်ဆင်း တိုက်ဆိုင်စိစစ်သွားရန်ဆောင်ရွက်နေမှု၊ မဲရုံများဖွင့်လှစ်ထားမှု လျာထားစာရင်း၊ ကြိုတင်မဲပေးမှု ဖောင်းပွမှုမဖြစ်စေရေး၊ မဲမသမာမှုမရှိစေရေး စိစစ်ဆောင်ရွက်နေမှုများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များကို ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များသို့ ပို့ဆောင်ပေးထားမှု၊ မဲရုံလုံခြုံရေးနှင့် ဆန္ဒမဲပေးသူများအတွက် လုံခြုံရေးစနစ်တကျဆောင်ရွက်ထားရှိမှုအစီအစဉ်များနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းအခြေအနေများကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီးနောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်-၄)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❖ နယ်စပ်ဒေသ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို လုပ်ဆောင်လျက်ရှိသည့် KK Park နှင့် ရွှေကုက္ကိုလ်တို့ရှိ အဆောက်အအုံများအား မြန်မာနိုင်ငံဘက်က အမြစ်ပြတ်ဖြိုချဖျက်ဆီးလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် လက်နက်ခဲယမ်းများ တရားမဝင်ရောင်းချနေမှုများကို နိုင်ငံတော်အဆင့် ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေး

○ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင် ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် သမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက် ကောင်းမွန်နေစေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြားပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ နယ်စပ်ဒေသ တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို လုပ်ဆောင်လျက်ရှိသည့် KK Park နှင့် ရွှေကုက္ကိုလ်တို့ရှိ အဆောက်အအုံများအား မြန်မာနိုင်ငံဘက်က အမြစ်ပြတ် ဖြိုချဖျက်ဆီးလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် လက်နက်ခဲယမ်းများ တရားမဝင် ရောင်းချနေမှုများကို နိုင်ငံတော်အဆင့် ပူးပေါင်းထိန်းသိမ်း ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင်ယခုလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

# မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ အပြန်အလှန် နှစ်နိုင်ငံ အကျိုးစီးပွားဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် နေပြည်တော်သို့ နေ့ချင်းပြန်ခရီးလာရောက်ခဲ့သည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow နှင့် တွေ့ဆုံဆွေးနွေးပြီး ၎င်းနှင့်ကိုယ်စားလှယ်အဖွဲ့အား Jasmine Nay Pyi Taw Hotel ၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အတည်ပြု

နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းများဖြစ်ကြပြီး နှစ်နိုင်ငံအကြား တူညီသောယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ လူမှုဆက်နွှယ်မှုများနှင့် စီးပွားရေးအရ အခိုင်အမာ အပြန်အလှန်အမှီသဟဲပြုမှုတို့ဖြင့် ချည်နှောင်ထားကြောင်း၊ ယင်းဆက်နွှယ်မှုများသည် နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေး မြှင့်တင်ရန် ခိုင်မာအားကောင်းသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း အတည်ပြုသည်။

၎င်းတို့က နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထိန်းသိမ်းရေး၏အရေးပါမှုကို အလေးပေးဆွေးနွေးခဲ့ကြပြီး ယင်းသည် နှစ်နိုင်ငံ နယ်စပ်နေအသိုက်အဝန်းများ သာယာဝပြောရေးအတွက် မရှိမဖြစ် လိုအပ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသမှ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို မြန်မာအစိုးရက အမြစ်ဖြတ်တိုက်ဖျက်လျက်ရှိရာတွင် မြန်မာနှင့် အိမ်နီးချင်းနိုင်ငံများအကြား ထိရောက်သောပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှုကို ရှင်းလင်းပြောကြားသည်။

ယင်းအပြင် တရားမဝင်ဂိတ်များမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် တရားမဝင်ကုန်သွယ်မှုများကြောင့်ဖြစ်ပေါ်သည့် နောက်ဆက်တွဲ ဆိုးကျိုးများနှင့် မတည်ငြိမ်မှုများကို ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံ အကျိုးစီးပွားကို ရှေးရှုလျက် တရားဝင်လမ်းကြောင်းမှ ကုန်သွယ်မှုမြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံကိစ္စရပ်များ ဖြေရှင်းရန်နှင့် အပြန်အလှန်အကျိုးစီးပွားကို မြှင့်တင်ရန် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံသာယာဝပြောရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအတွက် အစဉ်တံခါးဖွင့်ထားပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အာဆီယံလူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre) မှတစ်ဆင့် ထိုင်းအစိုးရ၏ ရန်ပုံငွေဖြင့် ပြန်လည်ပြင်ဆင်တည်ဆောက်ခဲ့သည့် ပုဗ္ဗသီရိမြို့နယ်ရှိ အထက-ခွဲ (သပြေကုန်း)သို့ သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ထိုင်းကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် စာဖြေဌာနတွင် Japanes Language Proficiency Test (JLPT) စာမေးပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၇**

ဂျပန်ဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းအသင်း(Myanmar Association of Japan Alumni-MAJA)တို့ပူးပေါင်း၍ ဂျပန်ဘာသာအရည်အချင်းစစ် (JLPT) စာမေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ သက်ဆိုင်ရာ စာဖြေဌာနများ၌ တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

မန္တလေးမြို့ရှိ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် စာဖြေဌာနတွင် N-1 Level မှ စာဖြေသူဦးရေ ၁၁၀ ဦးနှင့် N-4 Level မှ စာဖြေသူဦးရေ ၃၂၀ ဦး၊ စုစုပေါင်း ၄၃၀ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်းနှင့် အဆိုပါ JLPT စာမေးပွဲသည် ကမ္ဘာနှင့်တစ်ဝန်း တစ်ပြိုင်နက်တည်း ကျင်းပသော စာမေးပွဲဖြစ်ကြောင်းလည်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်-၄)



# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow လာရောက်တွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုအစိုးရအဖွဲ့ရုံး ရုံးအမှတ်(၁၈) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှုပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဥပဒေနှင့်အညီ အလေးထားဆောင်ရွက်နေမှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်တင်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)သို့ သွားရောက်စစ်ဆေးသည်။

ဦးစွာ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း၍ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး အကြားအလပ်မရှိအကျိုးညီမျှတစွာဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများကို တိတိကျကျလိုက်နာ၍ အဂတိတရားကင်းရှင်းစွာဖြင့် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားကာ ဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်၍ ရုံးဝင်းအတွင်းရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ဆောင်ရွက်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးဝင်းအတွင်း သန့်ရှင်းသာယာလှပရေးအတွက်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်း (ကျိုင်းတုံ) သို့ရောက်ရှိ၍ သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ စားဖိုဆောင်နှင့် စာကြည့်တိုက်တို့ကိုလည်းကောင်း နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း (ကျိုင်းတုံ)သို့ ရောက်ရှိကာ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာနှင့် အားကစားကွင်း တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျိုင်းတုံမြို့မှ လွယ်မွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ် လေ့လာသင်ယူသွားကြရန်၊ ဆရာ ဆရာမများနှင့် နည်းပြများအနေဖြင့် ဗလငါးတန်နှင့် ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများဖြစ်လာအောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန် မှာကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကျိုင်းတုံမြို့မှ မိုင်းဖြတ်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးဝင်းအတွင်း လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဖြတ်မြို့မှ တာချီလိတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ နည်းပြများ၊ သင်တန်းသူများနှင့် တွေ့ဆုံ၍ သင်တန်းသူများအနေဖြင့် သင်ကြားပေးသည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားအားထုတ်လေ့ကျင့်သင်ကြားကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ချီးမြှင့်ငွေများပေးအပ်ပြီး ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာချီလိတ်ခရိုင် ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးနှင့် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု အာဒီး-နားကျဲသုံးမိုင်နှစ်ဖာလုံအနက် တစ်မိုင် လေးဖာလုံအပြီးသတ် မြေလမ်းဖောက်လုပ်ခြင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း လုပ်ငန်းများဆောင်ရွက်မှု လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ သွားရောက်၍ လေဆိပ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြည်ပထွက်ခွာ စစ်ဆေးရေးကောင်တာများ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေး မှတ်တမ်းများ ထိန်းသိမ်းထားရှိသည့် iBMC ဆာဗာခန်း စနစ်တကျ ထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ ပြည်ပဆိုက်ရောက်ကောင်တာများ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ဆိုက်ရောက်ဗီဇာ(Visa on Arrival)ဖြင့် ရောက်ရှိလာသည့် ခရီးသည်များအား စစ်ဆေး ခွင့်ပြုဆောင်ရွက်သည့် ကောင်တာကို လည်းကောင်း၊ ပြည်ပနိုင်ငံအသီးသီးမှ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)ဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကိုမည်သည့်အထောက်အထားမျှ မတင်ပြနိုင်ပါက နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေး၍ NV Card ရရှိပြီးသူများနှင့် နိုင်ငံသားကတ်ပြားတင်ပြနိုင်သူများကို Bographic/ Biometric ကောက်ယူပြီး Unique ID နံပါတ် ထုတ်ပေးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် CIP Lounge အစည်းအဝေးခန်းမ၌ လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား တွေ့ဆုံရာ ဦးစွာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက လေဆိပ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ လူဝင်မှုစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး အခြေအနေကို ရှင်းလင်းတင်ပြပြီး လေဆိပ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်အောင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆိုက်ရောက်၊ ထွက်ခွာလျက်ရှိသည့်ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ အခြေအနေနှင့် လက်ရှိ လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအခက်အခဲများကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လေဆိပ်တာဝန်ကျဝန်ထမ်းများအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝတ်စားဆင်ယင်မှု၊ ပြောဆိုဆက်ဆံမှုတို့ကို အလေးထားကြရန်လိုကြောင်း၊ ခရီးသည်များအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်ကြရန်နှင့် မလိုလားအပ်ဘဲ ကြန့်ကြာမှု မရှိစေရေး ဂရုပြုဆောင်ရွက်ကြရန် လိုကြောင်း၊ မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအတွက် လာရောက်ကြမည့် နိုင်ငံခြားသားများ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူ အဆင့်ဆင့်က မျက်ခြည်မပြတ်ကြပ်မတ်ဆောင်ရွက် ပေးကြရန် လိုကြောင်း၊ ထူးခြားဖြစ်စဉ်များရှိပါက အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူ အဆင့်ဆင့်သို့ သတင်းပို့ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ လုံခြုံရေးသတိအမြဲရှိပြီး ဆက်စပ်ဌာနများနှင့်လည်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန် လိုကြောင်း ရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အသက် (၇၅)နှစ်နှင့် အထက် ဆရာကြီး ဆရာမကြီးများအား MRTV DTH စလောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အသက် (၇၅)နှစ်နှင့် အထက် ဆရာကြီး ဆရာမကြီးများအား MRTV DTH စလောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။

# တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ

တပ်ကုန်း ဒီဇင်ဘာ ၇

တပ်ကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တပ်ကုန်း အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ကြသည့် အသက် (၆၀) မှ (၈၀) အထက်ရှိ ဆရာ ဆရာမကြီးများ၊ကျောင်းသား ကျောင်းသူဟောင်းများ စုစုပေါင်း ၁၈၉ ဦး တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား လက်အုပ်ချီမိုးကန်တော့ကြသည်။ ထို့နောက် ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝေမိုးက ကန်တော့ခံအငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ဂါရဝပြု နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ခင်က ပူဇော်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ယင်းနောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက အသက် (၇၅)နှစ်နှင့် အထက် ဆရာကြီး ဆရာမကြီးများအား MRTV DTH စလောင်း၊ ဆက်စပ်ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်နှင့် ကျောင်းသုံးကိရိယာများ ပေးအပ်သည်။ ဆက်လက်၍ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများက ဆုံးမသြဝါဒစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသား ကျောင်းသူဟောင်းများအား MRTV DTH စလောင်းအစုံ ၃၀ ကို မဲဖောက်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက် လာကြသူများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကြီးကို ၁၉၄၆ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ကာ ၁၉၅၂ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း၊ ၁၉၅၇ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်ဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အထက(၁)တပ်ကုန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲများတွင်ဘာသာစုံ ဂုဏ်ထူးဖြင့် ထူးချွန်ကြသူများ များစွာ ပေါ်ထွက်ခဲ့ပြီး လက်ရှိတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၂၄ ဦးအား ဆရာ ဆရာမ ၇၂ ဦးက သင်ကြားပေးလျက် ရှိသည်။ အာစရိယပူဇော်ပွဲကို သုံးနှစ်လျှင် တစ်ကြိမ် ကျင်းပကြောင်းသိရသည်။

သတင်းစဉ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများက သီရိလင်္ကာနိုင်ငံ ဒီဝါဆိုင်ကလုန်းမုန်တိုင်း ဘေးအန္တရာယ်ခံစားရသည့် ပြည်သူများသို့ ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို ကိုလံဘိုမြို့တွင် လွှဲပြောင်းပေးအပ်လှူဒါန်း

သီရိလင်္ကာ ဒီဇင်ဘာ ၇

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဒီဝါကြောင့် ခရိုင် ၂၅ ခုတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူပေါင်း ကိုးသိန်းကျော် ရေဘေးဒဏ်ခံစားခဲ့ရပြီး လမ်းတံတားများ၊ နေအိမ်များနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လိုအပ်ကြောင်း နိုင်ငံတကာသို့ ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည့်အတွက် သီရိလင်္ကာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးရှိသည့် အားလျော်စွာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများက သီရိလင်္ကာနိုင်ငံ ဒီဝါဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများသို့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေးသုံးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် သွားရောက်လှူဒါန်းပို့ဆောင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်လှဲ့လှဲ့အေးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ ရောက်ရှိကြသည်။




မြန်မာကိုယ်စားလှယ်အဖွဲ့ကို သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မာလာသန်းထိုက်၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှနှင့် အာရှအလယ်ပိုင်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ချန်မာရီ ရိုဒရီဂို၊ လေတပ်စခန်းဌာနချုပ် စီမံကိန်းဌာနညွှန်ကြားရေးမှူးချုပ် Air Vice Marshal S Deshapriya GM Silva နှင့် သီရိလင်္ကာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင်ကြိုဆိုတွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က သီရိလင်္ကာနိုင်ငံတွင် ဒီဝါမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် လူ့အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးခဲ့ရမှုအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက သီရိလင်္ကာအစိုးရနှင့် ပြည်သူများနည်းတူ ထပ်တူဝမ်းနည်းပါကြောင်း၊ နှစ်နိုင်ငံအကြား မိသားစုစိတ်ဓာတ်ဖြင့် အခက်အခဲကြုံချိန်တွင် အပြန်အလှန် ရိုင်းပင်းကူညီမှုပြုခြင်းဖြစ်ပါကြောင်း၊ ဆန်နှင့် အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သီရိလင်္ကာနိုင်ငံ အစိုးရနှင့် ပြည်သူများအနေဖြင့် အမြန်ဆုံးပြန်လည်ထူထောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တပ်မတော်လေယာဉ်ဖြင့် တင်ဆောင်လာသော ဆေးဝါးနှင့် ဆေးပစ္စည်း ၂၆ မျိုး တန်ချိန် ၆ ဒသမ ၉၃၈ တန်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ တန်ချိန် ၂ ဒသမ ၂၆၂ တန် စုစုပေါင်းတန်ချိန် ၉ ဒသမ ၂ တန်ကို ကိုလံဘိုလေဆိပ်တွင် သီရိလင်္ကာနိုင်ငံမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ် ကြုံတွေ့ခံစားခဲ့ရသော အစိုးရနှင့် ပြည်သူများအတွက် ယခုလှူဒါန်းမှုသည် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ခန့် တန်ဖိုးရှိပြီး ဆန်တန်ချိန် ၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တို့ကို ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သွေးဆုံးကိုင်ရောဂါအတွက် လွယ်ကူမြန်ဆန်အိမ်တွင်းကုထုံးများ

ဟော်မုန်းစက်ဝန်းများ လည်ပတ်မှု နှေးကွေးသွားပြီး ကိုယ်ဝန်ဆောင်ရန် ဖြစ်နိုင်ခြေ အဆုံးသတ်သွားကာ မျိုးဥဖန်တီးမှုနှင့် ဓမ္မတာလာမှု ရပ်တန့်သွားခြင်းကို "သွေးဆုံးတယ်"ဟု ခေါ်ပါသည်။ တစ်နည်းဆိုရလျှင် သွေးဆုံးခြင်းဆိုသည်မှာ ရောဂါမဟုတ်ဘဲ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုမျှသာဖြစ်ပြီး အမျိုးသမီးတို့၏ မျိုးပွားနိုင်စွမ်း ကုန်ဆုံးသွားချိန် ဖြစ်သည်။ အများအားဖြင့် အသက် ၄၀ ကျော် ၅၀ ခန့်မှာ သွေးဆုံးတတ်ကြပြီး တစ်ဦးနှင့်တစ်ဦး အနည်းငယ် ကွာခြားမှု ရှိနိုင်သည်။ သားဥအိမ်ခွဲစိတ်မှု ခံယူထားသူများတွင် အရွယ်မတိုင်ခင် သွေးဆုံးခြင်းကို ဖြစ်စေသည်။ အမျိုးသမီးတစ်ဦး ၁၂ လဆက်တိုက် ရာသီသွေးမပေါ်လျှင် သွေးဆုံးသည်ဟု သတ်မှတ်သည်။

ဆေးလိပ်သောက်ခြင်း၊ အစားအသောက်အာဟာရမျှတမှုနှင့် သင့်တင့်လျောက်ပတ်မှု မရှိခြင်း၊ အထိုင်များခြင်း၊ ပုံမှန်လေ့ကျင့်ခန်း မလုပ်ခြင်း စသည်တို့ကြောင့် ခပ်စောစော သွေးဆုံးတတ်သည်။ အထူးသဖြင့် ဆေးလိပ်သောက်သူ အမျိုးသမီးများက ဆေးလိပ် လုံးဝမသောက်သူတွေထက် ပျမ်းမျှ နှစ်နှစ်ခန့်စော၍ သွေးဆုံးနိုင်သည်။ အသက် ၄၆ နှစ်မပြည့်မီ သွေးဆုံးသော အမျိုးသမီးများကို သာမန်ထက်စော၍ သွေးဆုံးသူဟုခေါ်ဆိုနိုင်ပြီး ထိုအမျိုးသမီးများအနေဖြင့် နှလုံးရောဂါ၊ နှလုံးသွေးကြောနှင့် ပတ်သက်ဆက်စပ်သော လေဖြတ်ခြင်းများ ကြုံတွေ့ရနိုင်ခြေ နှစ်ဆ မြင့်မားတတ်သည်။

**သွေးဆုံးခြင်း အဆင့်ဆင့်**

သွေးဆုံးခြင်း၏ အံ့ဖွယ်ကောင်းအောင် ဘေးထွက်ဆိုးကျိုး အများစုသည် O (အို) ဟုခေါ်သော Estrogen Hormone နှင့် P (ပီ)ဟုခေါ်သော Progesterone Hormone စသည့် ဟော်မုန်း နှစ်မျိုးဆိုင်ရာ အပြောင်းအလဲများကြောင့် ဖြစ်ရသည်။ Estrogen Hormone က အမျိုးသမီးတို့၏ ကောင်းခြင်းငါးဖြာကို ပြည့်ဝစေသော ဟော်မုန်းဖြစ်ပြီး Progesterone Hormone က လစဉ် သားဥကြွေခြင်းဆိုင်ရာ လုပ်ငန်းဆောင်တာကို အထောက်အပံ့ပေးခြင်း ဖြစ်သည်။

**သွေးဆုံးခြင်း အကြိုအဆင့်**

ပျမ်းမျှအသက် ၄၀ မှ ၅၀ နှစ် ကြားအရွယ် ဖြစ်သည်။ ၎င်းအရွယ်သည် သွေးမဆုံးမီ ကြားကာလဖြစ်ပြီး အမျိုးသမီးဟော်မုန်းများ စတင်နည်းပါးလာသည်။ တချို့ကလည်း အသက် ၄၇ နှစ်၊ တချို့ကလည်း အချိန်ကာလ ၁၀ နှစ်အထိ ကြာမြင့်တတ်သည်။

**သွေးဆုံးခြင်းအဆင့်**

ပျမ်းမျှအသက် ၄၅ မှ ၅၅ နှစ်ကြားအရွယ် ဖြစ်သည်။ အမျိုးသမီးဟော်မုန်းများ လုံးဝမထုတ်တော့ဘဲ အသက် ၅၁ နှစ်ခန့်တွင် သွေးဆုံးကိုင်ဝေဒနာများ ခံစားရသည်။

**သွေးဆုံးပြီးအဆင့်**

ပျမ်းမျှအသက် ၅၅ နှစ်အထက် ဖြစ်သည်။ ထိုအရွယ်တွင် သွေးဆုံးကိုင်လက္ခဏာများ လျော့ကျသွားသည်။

**သွေးဆုံးကိုင် လက္ခဏာများ**

အမျိုးသမီးများ ပျမ်းမျှအသက် ၅၀ ဝန်းကျင်ခန့်တွင် သွေးဆုံးကိုင်လက္ခဏာများကို စတင်ခံစားလာရတတ်သည်။ သို့မဟုတ် သူမ၏မိခင် သွေးဆုံးခဲ့သော အသက်အရွယ်ကိုကြည့်၍လည်း မိမိသွေးဆုံးနိုင်မည့် အချိန်ကာလကို ကြိုတင်မှန်းဆလို့ရသည်။ သွေးဆုံးခြင်း၏ ဘေးထွက်ဆိုးကျိုးအများစုသည် ဟော်မုန်းဆိုင်ရာ အပြောင်းအလဲများကြောင့် ဖြစ်သည်။





ခန္ဓာကိုယ်တွင်း ဟော်မုန်းပမာဏများ လျော့ကျလာချိန်တွင် သွေးဆုံးကိုင် လက္ခဏာများအဖြစ် အပူပြန်ခြင်း၊ ညဘက် ချွေးစေးများ ထွက်ခြင်း၊ ရင်တုန်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ စိတ်မတည်ငြိမ်ခြင်း (စိတ်အပြောင်းအလဲမြန်ခြင်း)၊ စိတ်တိုဒေါသဖြစ်လွယ်ခြင်း၊ အသားအရေ ခန်းခြောက်ခြင်း၊ မျက်နှာပေါ် တင်းတိပ်များ ထွက်လာခြင်း၊ ညအိပ်မပျော်ခြင်း၊ ဆီး ခဏခဏသွားခြင်း၊ မွေးလမ်းကြောင်းနှင့် မိန်းမကိုယ် ပူ၍ ခြောက်သွေ့ခြင်း၊ ကာမစိတ်နည်းပါးခြင်း၊ ဖိုမကိစ္စ ခင်ပွန်းနှင့်အတူနေစဉ် နာကျင်ခြင်း စသည်တို့ ခံစားရလေ့ရှိသလို အဆီဓာတ်နှင့် ကိုလက်စထရော များပြားလာပြီး အဝလွန်အဆီပို ဖြစ်လာတတ်သည်။

ထို့ပြင် အရိုးအားနည်းရောဂါနှင့် သွေးတိုး၊ နှလုံးရောဂါများ ဖြစ်ပွားနိုင်သည့် အန္တရာယ်များ မြင့်တက်လာနိုင်သည်။ နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာ ပြဿနာများအနေဖြင့် ရာသီစက်ဝန်း ကမောက်ကမဖြစ်ခြင်း၊ အသက်ကြီးမှ ကိုယ်ဝန်ရရှိမှာ ရှက်ကြောက်ခြင်း၊ အကြားအာရုံချို့ယွင်းခြင်း၊ သူငယ်ပြန်ခြင်း၊ သားအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာ၊ မျိုးဥအိမ်ကင်ဆာများ အဖြစ်များလာတတ်သည်။

မြန်မာအမျိုးသမီးများသည် မိရိုးဖလာအရ အလွန်ပင် အရှက်အကြောက်ကြီးကြသည်။ အထက်ဖော်ပြပါ ခံစားနေရသော စိတ်ဖိစီးမှုဝေဒနာများ၊ ကိုယ်လက်မအီမသာဖြစ်မှုများ၊ အိမ်ထောင်သည် အမျိုးသမီးကြီးများအနေဖြင့် ခင်ပွန်းသည်နှင့် အဆင်မပြေမှု ပြဿနာများကို ဖွင့်ဟပြောဆိုရန် ဝန်လေးတတ်ကြသည်။ မီးယပ်သွေးဆုံးဝေဒနာမှသည် မီးယပ်သွေးဆုံးကိုင်ရောဂါ အခြေအနေသို့ ကျရောက်နိုင်၍ သက်ဆိုင်ရာ ဆရာဝန်ဖြင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။

**သွေးဆုံးကိုင်ရောဂါအတွက် လွယ်ကူမြန်ဆန်အိမ်သုံးဆေးများ**

သွေးဆုံးကာနီး၊ သွေးဆုံးပြီးစနှင့် သွေးဆုံးကိုင်ရောဂါ ခံစားနေရသူများအနေဖြင့် ရိုးရှင်းလွယ်ကူသော အိမ်တွင်းကုထုံးလေးများကို မှီဝဲစားသောက်ရင်း သွေးဆုံးကိုင်ဝေဒနာများကို ဘေးဥပဒ်ကင်းစွာဖြင့် သက်သာပျောက်ကင်းစေနိုင်မည် ဖြစ်ပါသောကြောင့် အောက်ပါအတိုင်း အကြံပြုလိုပါသည်။

**"မိန်းမတို့အသက် ကရမက်"**ဟု ဆိုရိုးစကားရှိပါသည်။ သွေးဆုံးကိုင်ခြင်းအတွက် ကရမက်ကို လိမ်းပေးသင့်သလို၊ ၎င်းကရမက်ကို ကျောက်ပျဉ်ပေါ်သွေး၍ သောက်သုံးပေးပါ။

* မိုးဥတုတွင် ပေါ်တတ်သော ဂုံမင်းပင်ကို ဟင်းခါးချက်၍ သောက်ပါ။

* စွယ်တော်ပင်(ခရမ်းရောင်ပန်းပွင့်)၏ အရွက်ညွှန့်ကို ဟင်းချိုချက်သောက်ပါ သို့မဟုတ် ရွက်ပြုတ်ရည် သောက်ပါ။

* အနက်ရောင်စပျစ်သီးမှည့်ကို အခွံရော အစေ့ပါ ဝါးစားပါ။

* ဆီးဖြူသီးစားပါ။

* ထန်းရည်ချိုစစ်စစ်ကို တဝကြီးသောက်ပေးပါ။

* ကြိတ်မှန်ရွက်စားပါ သို့မဟုတ် ကြိတ်မှန်ရွက် ယိုထိုးစားပါ။ (ကြိတ်မှန်ရွက် ၂၅ ကျပ်သားကို ရေစင်စင်ဆေး နုပ်နုပ်စဉ်းပြီး ထန်းလျက် သန့်သန့် တစ်ဆယ်ကျပ်သား၊ အရည်ညှစ်ပြီး ရှောက်သီးအဖတ် တစ်ဆယ်ကျပ်သား၊ ပါးပါးလှီးထားသော ကြက်သွန်နီ တစ်ဆယ်ကျပ်သား၊ စမုန်ငါးပါးအမှုန့် နှစ်ပဲသားစီ တို့ကို မြေအိုးအသစ်ထဲရော၍ ဆားနှင့်ရေ သင့်ရုံထည့်ပြီး ယိုထိုးသလို ကျိုချက်ပါ။ ယိုဖြစ်ပါက ပုလင်းသန့်သန့်ထဲထည့်၍ အစာနှင့်ဝေးချိန် နံနက်၊ နေ့၊ ညသုံးကြိမ်စီ လက်ဖက်ရည်ဇွန်းတစ်ဇွန်းမျှ ခပ်စားပါ။)

* အဝါရောင် ကန်စွန်းဥကို များများပြုတ်စားပါ။

* သင်္ဘောသီးမှည့် နေ့စဉ်စားပေးပါ။

* တရုတ်စံကားပွင့်ကို ကြော်ချက်၍ စားပါ။

* ပဲနောက်ကို ကြက်သွန်ဖြူနှင့် ဟင်းချိုချက်သောက်ပါ။

* ဝါစေ့ပင်ပေါက်ကို ဟင်းခါးချက်သောက်ပါ။

* ကင်ပွန်းချဉ်ရွက်ကို အမျိုးမျိုးလုပ်၍ ဟင်းချက်စားပေးပါ။

* ကြက်သွန်ဖြူစားပါ။

* ရဲယိုသီးမှည့်ကို ထန်းလျက်ခဲ(သဘာဝအမည်းရောင် ထန်းလျက်ခဲ)ဖြင့် ခေါက်၍စားပါ။

* အဆီများတဲ့အသား၊ ဖြူဆွတ်ဆွတ်သကြားမှုန့်များ၊ ဆီကြော်မုန့်များ၊ ကဖိန်းဓာတ်များသော ကော်ဖီနှင့် ကိုလာအချိုရည်များ၊ ငရုတ်သီး အပူအစပ်များ၊ ပူပူလောင်လောင် ဟင်းရည်များ စသည်တို့ကို လွန်ကဲစွာ စားသောက်ခြင်းမှ ရှောင်ပါ။

* အဆီများသောငါး သို့မဟုတ် ငါးကြီးဆီ စားပါ။

* Spirulina ခေါ် စိမ်းပြာရေညှိ သို့မဟုတ် EPO (ခေါ်) ရွှေဝါရောင် Evening Primrose ပန်းအဆီ သို့မဟုတ် Silica စီလီကာဆေးတို့ကို ဖြည့်စွက်စာအဖြစ် မှီဝဲသောက်သုံးပါ။

* Barley grass (ခေါ်) ဘာလီမြက်နုထဲရှိ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက လွန်စွာ ကောင်းကျိုးပြုပါသည်။ နိုင်ငံခြားဖြစ် ဘာလီမြက်နု အချိုရည်တို့ကို ကုန်တိုက်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

* တို့ဟူး၊ နှမ်းတို့က သွေးဆုံးကိုင်ရောဂါအတွက် ဓာတ်စာများ ဖြစ်ကြသည်။

* နေ့စဉ် မှန်မှန်လမ်းလျှောက်ခြင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှားအားကစားလုပ်ပါ။

* တစ်ကိုယ်ရေ သန့်ရှင်းမှုဂရုစိုက်ပါ။ သို့သော် အချိန်လွန်၍ ရေချိုးခြင်းမပြုရ။

အချုပ်ဆိုရသော် သွေးဆုံးခြင်းသည် ရောဂါမဟုတ်ပါ။ သွေးဆုံးခြင်းသည် အမျိုးသမီးတစ်ယောက်အတွက် ဘဝ အဆုံးသတ်ခြင်း မဟုတ်ဘဲ အသက်အရွယ်ကြောင့် ခန္ဓာကိုယ်မှာ ဟော်မုန်းပြောင်းလဲမှုတွေ ဖြစ်ပေါ်ခြင်းကြောင့် ကြုံတွေ့ရသည့် သဘာဝဖြစ်စဉ် တစ်ခုမျှသာ ဖြစ်ပါသည်။

အမျိုးသမီး အများစုတွင် သွေးဆုံးကိုင် ဝေဒနာများကို ထိန်းချုပ်ရခက်သော်လည်း အစားအသောက်၊ အနေအထိုင် ထိန်းသိမ်းခြင်းနှင့် လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းတို့က သက်သာစေနိုင်သည်။ သွေးဆုံးချိန်မှာ ဝေဒနာတွေ သက်သာစေရန်အတွက် နံနက်တိုင်း နေရောင်ခြည်ခံခြင်း၊ သင့်တင့်လျောက်ပတ်သော ကိုယ်အလေးချိန်ကို ထိန်းသိမ်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်း၊ ရေများများသောက်ခြင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ များများစားပါ။ နို့နှင့် နို့ထွက်ပစ္စည်းများ စားခြင်း၊ ပရိုတင်း (အသားဓာတ်) ကြွယ်ဝသောအစားအစာနှင့် အဆီမပါသော အသားများစားခြင်း၊ အိုမီဂါ-၃ ပြည့်ဝသော ပင်လယ်ငါး စားခြင်း၊ အီစရိုဂျင် ပါဝင်သော အစားအစာများ ဖြစ်ကြသည့် ပဲပိစပ်၊ ကုလားပဲ၊ မြေပဲ၊ မုယောစပါး၊ ဘာလီ၊ ဘယ်ရီသီး၊ စပျစ်သီး၊ ဆီးသီး စားခြင်း၊ ကယ်လ်စီယမ် ကြွယ်ဝသော အစားအသောက်များ စားခြင်းဖြင့် ဝေဒနာကို ထိန်းချုပ်ထားနိုင်ပါသည်။

ထို့ပြင် သွေးဆုံးကိုင်ခြင်းကြောင့်ဖြစ်သော ဝေဒနာများကို ရိုးရှင်းလွယ်ကူစွာ သက်သာစေမည့် နည်းလမ်းတစ်ခုမှာ လေ့ကျင့်ခန်းလုပ်ခြင်း ဖြစ်သည်။ အကြောဆန့်ခြင်း၊ အကြောလျှော့ခြင်း၊ အေရိုးဗစ်၊ Zumba စသည့် ကခုန်ခြင်း၊ ယောဂ(Yoga) ကစားခြင်း၊ အသက်ရှုလေ့ကျင့်ခန်း ပြုလုပ်ခြင်း၊ တရားထိုင်ခြင်း၊ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ ခပ်သွက်သွက်ပြေးခြင်း၊ ရေကူးခြင်း စသည့် လေ့ကျင့်ခန်းများ ပြုလုပ်ပေးသင့်ပါကြောင်း ထပ်လောင်း၍ အကြံပြုလိုက်ရပါသည်။

စေတနာများစွာ . . .

**တင်ထက်ထက်ဇော်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

ရက်

၂၀

သာ လိုတော့သည်။

## ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား (၁၂)ကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်းအသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ သူရဲကောင်း စစ်သည်များအား (၁၂)ကြိမ်မြောက် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများပရဟိတအသင်း၊ ရွှေပြည်တော်သို့ဆုံမှတ်ပရဟိတအသင်းနှင့် တပ်မတော်အား ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို တက်ရောက်လာကြသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်း သီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်း စစ်သည်များအား ဂုဏ်ပြုသောအားဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ် ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သော ကောင်းမွန်ရာဘုံဘဝ ရောက်ရှိစေရန် မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ် ချိုးဖြူငှက်များ လွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ယင်းနောက် တက်ရောက်လာကြသူများက ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ကျဆုံးစစ်သည်များအား ရည်စူး၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု ပေါက်တောကျေးရွာ သဒ္ဓါရုံကျောင်းတိုက်၌ သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်







## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၇**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးတပ်နယ်၏ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး အနီးမှ မြို့ရိုး၏ တောင်ဘက်နှင့် အရှေ့ဘက်ရှိ ရတနာပုံဥယျာဉ် တစ်လျှောက်၌ ကျင်းပရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သတ်မှတ်နေရာမှ စတင်၍ သတ်မှတ်လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ (ဓါတ်ပုံ)

ထို့နောက် စုရပ်နေရာ၌ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ဝ၃၈)

ဝ-ဝ-ဝ-ဝ

## မန္တလေးမြို့ အထက(၁၀)တွင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေး ၂၂ လမ်းနှင့် ၈၆ လမ်းထောင့်ရှိ အ.ထ.က အမှတ်(၁၀)ကျောင်းသည် ခေတ်အဆက်ဆက်က "တော်ဝင်" ဘွဲ့ခံကျောင်းတော်ကြီးဖြစ်သည့် အလျောက် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၇) ကြိမ်မြောက် တိုင်ခဲ့ပြီဖြစ်သည့် အာစရိယပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းဝင်း အတွင်း၌ ကျင်းပသည်။

ဦးစွာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား စင်မြင့်ပေါ်တွင် နေရာပေး၍ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ကန်တော့ရန် "ကန်တော့ချိုး"အား ဦးမောင်မောင်က တိုင်ပေး၍ ကန်တော့ကြသည်။ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ ကိုယ်စား ဆရာမကြီး ဒေါ်သန်းသန်းနုက ဆုံးမစကား ပြောကြားပြီး၊ ကန်တော့ခံ ဆရာ၊ ဆရာမများကိုယ်စား ဆရာမကြီး ဒေါ်ဆွေဆွေက ဝမ်းမြောက်စကား ပြောကြားပြီးနောက် လက်ရှိကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန္ဒာဝင်းက ကျေးဇူးတင်စကား ပြောကြားကာ ကျောင်းတော်ကြီးအတွက် အလှူငွေကို ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်စိုးက လည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် ကော်မတီအထွေထွေအတွင်းရေးမှူး ဦးကျော်နိုင်မင်းက (၂၇)ကြိမ်မြောက် အာစရိယပူဇော်ကြောင်းအား ရှင်းလင်းတင်ပြပြီး ကော်မတီဝင် ဦးဇော်လင်းအောင်က ကျေးဇူးတင်စကားပြောကြားခြင်းနှင့် စာရင်းရှင်းတမ်း ဖတ်ကြားပြီးနောက် ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းနှင့် ငွေသားများကို ကျောင်းသားဟောင်း အသီးသီးက တစ်ဦးချင်း ကန်တော့ခဲ့ကြပြီး နေ့လယ်စာဖြင့် တည့်ခင်းဧည့်ခံခဲ့ကာ တေးဂီတဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

**စာနည်းကိုကို(မြန်/ဆက်)**

# အမေရိကန်သမ္မတ ထရမ့်နှင့် မက္ကဆီကိုသမ္မတ ရှိန်ဘောင်းမ် ၂၀၂၆ ကမ္ဘာ့ဖလား မဲနှိုက်ပွဲအတွက် ကနေဒီစင်တာတွင် တွေ့ဆုံ



**ဝါရှင်တန် ဒီဇင်ဘာ ၇**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်သည် မက္ကဆီကိုသမ္မတ ကလော်ဒီယာရှိန်ဘောင်းမ်နှင့် အမေရိကန်ပြည်ထောင်စုတွင် ယမန်နေ့ကတွေ့ဆုံခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကြာမြင့်စွာ ဆိုင်းငံ့ထားခဲ့ရသော ၎င်းတို့၏ ပထမဆုံး မျက်နှာချင်းဆိုင် ဆွေးနွေးမှုတွင် လာမည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အဓိကထား ဆွေးနွေးခဲ့ကြပြီး ကုန်သွယ်ရေးနှင့် အခွန်အခများဆိုင်ရာ ဘေးထွက်ဆွေးနွေးမှုများလည်း ပါဝင်ခဲ့သည်။ သို့သော် လူဝင်မှုကြီးကြပ်ရေးကိစ္စမှာ ထိပ်တန်းပြဿနာ မဟုတ်ခဲ့ချေ။

အမေရိကန်-မက္ကဆီကို နယ်စပ်ကို ထိန်းချုပ်ရန်အတွက် ထရမ့်၏ တွန်းအားပေးမှုသည် သမ္မတရှိန်ဘောင်းမ်အစိုးရအတွက် အဓိကအချက်ဖြစ်နေသော်လည်း နှစ်နိုင်ငံဆက်ဆံရေးတွင် ဦးဆောင်တွန်းအားဖြစ်နေသည်မှာ ထူးခြားသည်။

ထရမ့် အာဏာရလာသည်မှာ ၁၀ လကျော် ကြာမြင့်နေပြီဖြစ်ရာ အမေရိကန်သမ္မတများအတွက် ၎င်းတို့၏ တောင်ပိုင်းအိမ်နီးချင်းနိုင်ငံခေါင်းဆောင်နှင့် တွေ့ဆုံခြင်းသည် မကြာခဏဆိုသလို ထိပ်တန်းဦးစားပေးဖြစ်လေ့ရှိသည်ကို ထောက်ရှုပါက ရှိန်ဘောင်းမ်နှင့် ကိုယ်တိုင်တွေ့ဆုံရန် အချိန်ကြာမြင့်ခဲ့ခြင်းသည်လည်း ထူးခြားနေပြန်သည်။

ထရမ့်နှင့် ရှိန်ဘောင်းမ်တို့သည် ကနေဒါနိုင်ငံတွင် ကျင်းပသည့် ခုနစ်နိုင်ငံအုပ်စု ထိပ်သီးအစည်းအဝေး၏အရန်ဆွေးနွေးပွဲ၌ ဇွန်လတွင်တွေ့ဆုံရန် စီစဉ်ထားခဲ့သော်လည်း အစ္စရေးနှင့် အီရန်အကြား တင်းမာမှုများ မြင့်တက်လာချိန်တွင် ထရမ့်က ဝါရှင်တန်သို့ စောစီးစွာ ပြန်ခဲ့သဖြင့် အဆိုပါတွေ့ဆုံမှု ပယ်ဖျက်ခဲ့ရသည်။

ယမန်နေ့က ကျင်းပသော ၂၀၂၆ ကမ္ဘာ့ဖလား မဲနှိုက်ပွဲအတွက် ကနေဒီစင်တာတွင် သမ္မတထရမ့်၏ ဘောက်စ်ခန်းထဲ၌ ထရမ့်နှင့်ရှိန်ဘောင်းမ်တို့ ထိုင်၍ စကားပြောဆိုခဲ့ကြပြီး ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနီနှင့်အတူ စင်မြင့်ပေါ်တွင်လည်း ပါဝင်ခဲ့သည်။

အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါတို့သည် ဇွန်လတွင် စတင်မည့် အဆိုပါကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပူးတွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **Mon**



## သဘာဝဘေးဒဏ်သင့်အိမ်များ ပြန်လည်တည်ဆောက်ရန် လျော်ကြေးငွေပေးအပ်မှု အစီအစဉ်ကို သီရိလင်္ကာ ထုတ်ပြန်

**ကိုလံဘို ဒီဇင်ဘာ ၇**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော သီရိလင်္ကာနိုင်ငံသည် ပြင်းထန်သော ဆိုင်ကလုန်းကြောင့် ပျက်စီးသွားသည့် အိမ်များ ပြန်လည်တည်ဆောက်ရန်အတွက် အဓိကလျော်ကြေးပေးအပ်မှုအစီအစဉ်ကို ယမန်နေ့က ထုတ်ပြန်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တစ်ချိန်တည်းမှာပင် ဒီဇင်ဘာ ၆ ရက်က ယင်းကျွန်းနိုင်ငံသည် နောက်ထပ်မြေပြိုမှုများနှင့် ရေကြီးမှုများအတွက် ကြိုတင်ပြင်ဆင်မှုများကိုလည်း ပြုလုပ်ခဲ့သည်။

သမ္မတ အနုရကုမာရ ဒစ်ဆာနာယကက နိုင်ငံ၏ စိန်ခေါ်မှုအရှိဆုံး သဘာဝဘေးအန္တရာယ်ဟု ခေါ်ဆိုခဲ့သည့် အဆိုပါဘေးအန္တရာယ်တွင် လူ ၆၁၁ ဦးသေဆုံးခဲ့ကြောင်းနှင့် ၂၁၃ ဦးပျောက်ဆုံးနေပြီး သေဆုံးသွားပြီဟု ယူဆရကြောင်း အစိုးရက အတည်ပြုသည်။

ဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန (ဒီအမ်စီ)သည် အဆိုးရွားဆုံး ထိခိုက်ခဲ့သည့် ဗဟိုခရိုင်ရှိဒေသများစွာတွင် မြေပြိုမှုသတိပေးချက်အသစ်များကို ထုတ်ပြန်ခဲ့သည်။

အဘယ်ကြောင့်ဆိုသော် အရှေ့မြောက် မုတ်သုံလေသည် ကျွန်းနိုင်ငံအပေါ် စုဝေးနေပြီး မိုးများ ပိုမိုရွာသွန်းစေသောကြောင့် ဖြစ်သည်။

ယခင်အပတ်က ရေကြီးမှုနှင့် မြေပြိုမှုများသည် ယခုရာစုနှစ်အတွင်း အဆိုးရွားဆုံးဖြစ်ခဲ့ရာ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းနီးပါး ရှိသည့် လူဦးရေ နှစ်သန်းကျော်သည် ထိခိုက်ခဲ့ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အိန္ဒိယနိုင်ငံ ဂိုအာမြို့ရှိ နိုက်ကလပ်တစ်ခု မီးလောင်မှုဖြစ်ပွား ဓာတ်ငွေ့ဘူးပေါက်ကွဲခဲ့သည်ဟု ရဲတပ်ဖွဲ့က ယူဆ



**ဒေလီ ဒီဇင်ဘာ ၇**

အိန္ဒိယနိုင်ငံ၏ ကမ်းရိုးတန်းဒေသ ဂိုအာမြို့ရှိ နာမည်ကျော် နိုက်ကလပ်တစ်ခုတွင် ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၅ ဦး သေဆုံးကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သေဆုံးသွားသူအများစုမှာ မြောက်ဂိုအာရှိ အာပိုရာဒေသမှ ကလပ်ဝန်ထမ်းများဖြစ်သည်ဟု ယူဆရပြီး ကမ္ဘာလှည့်ခရီးသည် အချို့လည်း သေဆုံးသူများထဲတွင် ပါဝင်နေသည်။

ဒေသစံတော်ချိန် ဒီဇင်ဘာ ၆ ရက်ညသန်းခေါင်ယံအချိန်တွင် ကလပ်၏ မီးဖိုချောင်အတွင်းမှ ဓာတ်ငွေ့ဘူးပေါက်ကွဲမှုဖြစ်ပွားပြီး မီးတောက်များ လျှင်မြန်စွာ ပျံ့နှံ့သွားခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ယူဆသည်။

ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် သေဆုံးသူဦးရေမှာ ယခင်က ထုတ်ပြန်ခဲ့သည့် ၂၃ ဦးမှ တိုးလာကြောင်း အရာရှိများက ပြောကြားခဲ့သည်။ ဆေးရုံတွင် ဆက်လက်ကုသမှုခံယူနေရသူ ခြောက်ဦးမှာ အခြေအနေကောင်းသည်ဟု ဆိုသည်။

မီးဟာ အဓိကအားဖြင့် အောက်ထပ်က မီးဖိုချောင်နေရာမှာ စပြီးလောင်နေခဲ့ပါတယ်ဟု ဂိုအာပြည်နယ် ရဲချုပ်ဖြစ်သူ အလောခ်ကူးမားက ပြောကြားသည်။

မီးလောင်မှုက သန်းခေါင်ယံအချိန်လောက်မှာ ဖြစ်ခဲ့တာပါ။ အခုတော့ မီးကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ပါတယ်ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## နာမည်ကျော် အိန္ဒိယပန်းချီဆရာကြီးအမ်အက်ဖ်ဟူစိန်အတွက် ကာတာနိုင်ငံ ဒိုဟာ၌ ပထမဆုံးအထိမ်းအမှတ်ပြတိုက် ဖွင့်လှစ်

**ဒိုဟာ ဒီဇင်ဘာ ၇**

ကာတာနိုင်ငံ၊ ဒိုဟာမြို့၏ အစွန်အဖျားတွင် မကြာသေးမီက ပြီးစီးခဲ့သော မီးခိုးရောင်-အပြာရောင် အဆောက်အအုံအသစ်တစ်လုံးသည် မိုးကုပ်စက်ဝိုင်းပေါ်၌ ပန်းချီကားတစ်ချပ်သဖွယ် ထိုးထွက်နေပြီး ၎င်း၏ တောက်ပသော ကြွေပြားများသည် နေရောင်ခြည်နှင့်အညီ ပြောင်းလဲကာ ဂျီသြမေတြီပုံသဏ္ဌာန် အရိပ်များကိုဖြစ်ပေါ်စေကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံသည် ပုံပြင်တစ်ပုဒ်ကို ပြောပြလိုသကဲ့သို့ ရှေ့သို့ ကိုင်းညွှတ်နေပုံရသည်။

အမ်အက်ဖ် ဟူစိန်အား ရည်ရွယ်သည့် ကမ္ဘာ့ပထမဆုံး ပြတိုက်ဖြစ်သော လောဟ်ဝါကလမ်၏ ဗီဒီယိုဖိုင်တွင် ကွယ်လွန်သွားပြီဖြစ်သည့် ထိုနာမည်ကျော် အိန္ဒိယပန်းချီဆရာကြီး၏ ထူးခြားသောအနုပညာလက်ရာများကို အပိုင်းအစများအဖြစ် မြင်တွေ့ရသည်။

၎င်း၏ လက်ရာမြောက်သော ပန်းချီကားများနှင့် လှုပ်ရှားမှုများ ပြည့်နှက်ခဲ့သော ကိုယ်ရေးကိုယ်တာ သမိုင်းကြောင်းက ကမ္ဘာကို ဆွဲဆောင်ခဲ့သည်။

၎င်း၏နောက်ဆုံးနှစ်များကို ကာတာတွင် ကုန်ဆုံးခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံသားအဖြစ် ခံယူခဲ့သည့် အဆိုပါ ပန်းချီဆရာကြီး၏ အမွေအနှစ်များကို ဂုဏ်ပြုသည့်အနေဖြင့် အဆိုပါပြတိုက်ကို တည်ထောင်ထားခြင်းဖြစ်သည်။

စတုရန်းမီတာ ၃၀၀၀ ကျော် ကျယ်ဝန်းသော ယင်းပြတိုက်ကို ယခင်အပတ်က ဧည့်သည်များအတွက် ဖွင့်လှစ်ခဲ့ပြီး ပညာရေးနှင့် သုတေသနဗဟိုဌာနဖြစ်သော ကာတာဖောင်ဒေးရှင်း၏ ပညာရေးမြို့တော် ကျယ်ပြန့်သော ပရဝဏ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

**Mon**



**STOP AIDS**

## တရုတ်နိုင်ငံမှ အင်တာနက်ဂြိုဟ်တုအုပ်စု (၁၄) ကို အာကာသထဲသို့ ယမန်နေ့က အောင်မြင်စွာ လွှတ်တင်

**ပေကျင်း ဒီဇင်ဘာ ၇**

တရုတ်နိုင်ငံသည် ၎င်း၏ အနိမ့်ပတ်လမ်း အင်တာနက်ဂြိုဟ်တုများ၏ ၁၄ ခုမြောက် အုပ်စုကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲပိုင်းက အာကာသထဲသို့ အောင်မြင်စွာ လွှတ်တင်ခဲ့သည်ဟု အစိုးရပိုင် အာကာသ ကန်ထရိုက်တာဖြစ်သည့် တရုတ်အာကာသသိပ္ပံနှင့် နည်းပညာကော်ပိုရေးရှင်း(စီအေအက်စ်စီ)က ထုတ်ပြန်ကြေညာကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဂြိုဟ်တုများကို စီအေအက်စ်စီ၏ ပေကျင်းမြို့တော်ရှိ လက်အောက်ခံဌာနဖြစ်သော တရုတ်အာကာသနည်းပညာအကယ်ဒမီက ဒီဇိုင်းရေးဆွဲထုတ်လုပ်ခဲ့ပြီး ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၅၃ မိနစ်တွင် ဟိုင်နန်ပြည်နယ်၊ ဝမ်ချန်းရှိ ကမ်းရိုးတန်း အာကာသလွှတ်တင်ရေးစခန်းဖြစ်သည့် ဟိုင်နန်နိုင်ငံတကာစီးပွားရေး အာကာသလွှတ်တင်ရေးစင်တာမှ လောင်ချီ ၈ အေ သယ်ဆောင်ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကာ များမကြာမီ ၎င်းတို့၏ ပတ်လမ်းနေရာများသို့ ရောက်ရှိခဲ့ကြောင်း စီအေအက်စ်စီက သတင်းထုတ်ပြန်သည်။

ယခုနှစ်အတွင်း အမေရိကန် စပေ့စ်အက်ခ်စ်ကုမ္ပဏီ၏ စတားလင့်ခ်နှင့်အပြိုင်ဖြစ်သည့် တရုတ်ဗားရှင်းဟု မကြာခဏတင်စားခံရသော အာကာသအခြေပြု အင်တာနက်စနစ်ကို ပတ်လမ်းအတွင်း ကွန်ရက်ချိတ်ဆက်ရန်အတွက် ဂြိုဟ်တု ၁၀၀ ခန့်ကို အာကာသသို့ လွှတ်တင်ထားသည်။

ပြီးစီးပါက ကမ္ဘာလုံးဆိုင်ရာ လွှမ်းခြုံနိုင်သော အင်တာနက်စနစ် ဖန်တီးရန်အတွက် တရုတ်၏ ဂျီရောမ ဂြိုဟ်တုအစုအဝေးသည် အနိမ့်-ကမ္ဘာပတ်လမ်းတွင် လည်ပတ်နေသည့် ဂြိုဟ်တုပေါင်း ၁၃၀၀၀ ခန့်ဖြင့် ဖွဲ့စည်းထားမည်ဖြစ်သည်။

စီအေအက်စ်စီ၏ လက်အောက်ခံဖြစ်သော လွှတ်တင်ယာဉ်နည်းပညာ တရုတ်အကယ်ဒမီက တီထွင်ခဲ့သည့် လောင်ချီ ၈ အေ ဒုံးပျံသည် အမြင့် မီတာ ၅၀ ဒသမ ၅ ရှိပြီး လွှတ်တင်ချိန်တွင် အလေးချိန် မက်ထရစ်တန် ၃၇၁ တန်နှင့် တွန်းအားတန် ၄၈၀ ခန့်ရှိကြောင်း သိရသည်။

**Mon**





## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး ကြွပ်ကြွပ်အိတ်အစားထိုး အင်ပက်နှင့် စက္ကူများ အခမဲ့ဖြန့်ဝေ

**ကံမ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပလတ်စတစ်(ကြွပ်ကြွပ်အိတ်) အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး အင်ဖက်နှင့်စက္ကူများ အခမဲ့ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၄ ရက် နံနက် ၇ နာရီက အဆိုပါဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်းပြုလုပ်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံက သိရသည်။

(အပေါ်ဓါတ်ပုံ)

**ဇော်ထက်(သရက်)**

## စဉ့်ကိုင်မြို့နယ်အတွင်းရှိ မဲရုံနေရာများနှင့် မဲရုံပတ်ဝန်းကျင်ရှိ နေအိမ်များ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပြုလုပ်မည့် မဲရုံနေရာများနှင့် မဲရုံပတ်ဝန်းကျင်ရှိ နေအိမ်များအား ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မီးလောင်မှု၊ မီးလန့်မှုများနှင့် အခြားသော မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက်ဦးဆောင်ကာ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



ထိုသို့ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်းကာ မြို့နယ်အတွင်းရှိ မဲရုံနေရာများနှင့် မဲရုံပတ်ဝန်းကျင်ရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ မီးသုံးစွဲမှုများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေး၊ မီးငြိမ်းသတ်ရေးစနစ်များ တပ်ဆင်ထားရှိမှုများနှင့် မီးကြွင်း၊ မီးကျန်များ မရှိစေရေး စစ်ဆေးအကြံပြုခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၉၉)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၌ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ရှမ်းကန်စံပြကျေးရွာနေ ဒေါ်ခင်ချိုဦး(၄၂)နှစ်၏နေအိမ်၌ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားလုပ်နေကြောင်း သတင်းအရ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်ခင်ချိုဦးအား နေအိမ်အောက်ထပ်၌ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ခင်ချိုဦးအား ကဝမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ဆီဘောက်ဆာ မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၃၂၂ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပိတောက်ရွှေဝါဆိပ်ကမ်းမှ ယာဉ်မောင်း ဦးဝင်းစိုးထက်(၃၄)နှစ် မောင်းနှင်လာသော ISUZU GIGA နှင့် နောက်တွဲယာဉ် ဆီဘောက်ဆာ ၂၂ ဘီးမော်တော်ယာဉ်သည် ဒီဇယ်ဂါလန် ၇၈၀၀ နှင့် 95 ဓာတ်ဆီဂါလန် ၁၈၀၀ တင်ဆောင်၍ မောင်းနှင်လာစဉ် ဘရိတ်ရှူးငြိပြီး အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မိတ္ထီလာခရိုင် မီးသတ်စခန်း၊ သာစည်မြို့နယ် မီးသတ်စခန်းနှင့် ဝမ်းတွင်းမြို့နယ် မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်ကိုးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် နောက်တွဲမော်တော်ယာဉ်၏ ယာဘက်တာယာခြောက်လုံး မီးလောင် ဆုံးရှုံးခဲ့ကြောင်းနှင့် ယာဉ်မောင်း ဝင်းစိုးထက်အား သာစည်မြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*

သင့်အသက်အန္တရာယ် ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုး သေချာစွာ တပ်ပါ ။



## လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီ ၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ကမ်းကြီးဆိပ်ကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်း စစ်တောင်းတံတားသစ်(မုပ္ပလင်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကျိုက်ထိုမှ ဝေါဘက်သို့ ကျိုက်လတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ ဇော်မင်းထွန်း(၅၁)နှစ် မောင်းနှင်လာသည့် HONDA FIT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ဇော်မင်းထွန်းအား ညောင်ခါးရှည်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## နောက်တွဲယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့မှုကြောင့် အမျိုးသားသုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၌ နောက်တွဲယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့မှုကြောင့် အမျိုးသား သုံးဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၄ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်ဦးလွင်-မန္တလေးအဆင်းလမ်း မိုင်တိုင်အမှတ် ၁၆ မိုင် ၅ ဖာလုံအနီး၌ မော်တော်ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ပြင်စာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာနေ ပြည့်စုံဝင်း(၃၀)နှစ် မောင်းနှင်ပြီး မတ္တရာမြို့နယ်၊ ကျုံးကျေးရွာနေသူများဖြစ်ကြသည့် ချမ်းမြေ့အောင်(၂၂)နှစ်နှင့် ထွန်းမြတ်မိုး(၂၅)နှစ်တို့ လိုက်ပါလာသည့် SHACMAN နောက်တွဲယာဉ်သည် ဘိလပ်မြေများ တင်ဆောင်ကာ ပြင်ဦးလွင်မှ မန္တလေးဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ရှိ ပေ ၁၀၀ ခန့်အနက် ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ပြည့်စုံဝင်း(ပါ-၃)တို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီး ရရှိခဲ့သောကြောင့် ပြည့်စုံဝင်းအား ပြင်စာနယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံး ထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃) နယ်မြေအား ဖောက်ခွဲဖျက်ဆီးမှု

## ၃၃၃ လုံး ဖြိုချဖျက်ဆီး

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံနှစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၀ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၂ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၃၃၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ စစ်ဆေးခဲ့သည့် အဆောက်အအုံ ၆၉၄ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ခဲ့သည့် အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးချမှု မရှိစေရေးအတွက် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၁၆၁ လုံးကို ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါနယ်မြေများရှိ ဖမ်းဆီးထိန်းသိမ်းထားရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကို တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့က စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးစဉ်။









KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။



(၁၂၁)နှစ်မြောက် သမဝါယမဦးစီးဌာနနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဆောင်၍ ဝန်ထမ်းများက ဒီဇင်ဘာ ၆ ရက်တွင် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)ရောဂါဗေဒဌာန သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြရာ ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)

**အသက်သည်သွေး သွေးသည်အသက်။**

## ❒ တောင်ကြီးမှ

တောင်ကြီး-ပေါမူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေးပြီး ပြေးဆွဲချိန် တစ်နာရီခွဲခန့်ကြာမြင့်၍ လမ်းခရီးတွင် ဘာဝသံသရာအဝိုင်း အနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးကာ ပေါမူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေး၍ ပေါမူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာကာ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း သုံးတွဲ၊ ရိုးရိုးတန်း နှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြစ်ပြီး တောင်ကြီး-ပေါမူ အသွား/အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

### ကြည့်ရှုခံစားနိုင်

တောင်ကြီး-ပေါမူ ခရီးစဉ်ကို တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံပျံကွင်းကြီးကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယဘာဝသံသရာတံတားအား ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထီသိမ်ဘူတာသို့ ရထားဆိုက်ရောက် ရပ်နားချိန်အတွင်း ဘူတာအထက်ဘက်ရှိ ရှုရပ်မှနေ၍ ထီသိမ်အဝိုင်းပတ်နှင့် ဘာဝသံသရာတံတားအား အပေါ်စီးမှနေ၍ ကြည့်ရှုနိုင်ခြင်း၊ အဝေးဆီမှ ထီသိမ်ဘုရား၊ မြေပြိုဘုရားများကို ကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့် ကွင်းပြင်ကျယ်ကြီးများ စသည့်တောင်တန်းနှင့်သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ကြောင့် စိတ်လက်အေးချမ်းပျော်ရွှင်မှုကိုရရှိစေနိုင်ပြီး ခရီးသည်များအနေဖြင့် အထူးကြိုက်နှစ်သက်ကြကြောင်း သိရသည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါမူ အသွား/အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ(Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စီးလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## 2025 Brisbane International Presented by Evie တင်းနစ်ပြိုင်ပွဲ ဒီဇင်ဘာ ၂၆ ရက်တွင် စတင်မည်



**လန်ဒန် ဒီဇင်ဘာ ၇**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော်တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Brisbane International Presented by Evie တင်းနစ်ပြိုင်ပွဲကိုလာမည့် ဒီဇင်ဘာ ၂၆ရက်တွင် စတင်သွားမည် ဖြစ်သည်။

အဆိုပါ 2025 Brisbane International Presented by Evie တင်းနစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ရက်အထိ ၁၂ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Brisbane International Presented by Evie တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ (ဝဲပုံ)

Brisbane International Presented by Evie တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ချက်တင်းနစ်ကစားသမား Jiri Lehecka နှင့် ဘယ်လာရုတင်းနစ်မယ် Aryna Sabalenka တို့ ဖြစ်သည်။ **(NGB)**

## ဟန်နီဘယ်မီဘရီ လိဒ်စ်ပရိသတ်များအား တံတွေးဖြင့် ထွေးခဲ့မှုအတွက် လေးပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေချမှတ်ခြင်းခံရ

**လန်ဒန် ဒီဇင်ဘာ ၇**

ဘန်လေအသင်းကွင်းလယ်ကစားသမား ဟန်နီဘယ်မီဘရီသည် ပြိုင်ဘက်အသင်းဖြစ်သည့် လိဒ်စ်အသင်းပရိသတ်များအား တံတွေးဖြင့် ထွေးခဲ့သည့် အပြုအမူကြောင့် လေးပွဲပယ် ပြစ်ဒဏ်နှင့် ဒဏ်ငွေ စတာလင်ပေါင် ၁၅၀၀၀ ချမှတ်ခဲ့ကြောင်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA)က ထုတ်ပြန်ခဲ့သည်။ **(အောက်ယာပုံ)**

အဆိုပါ ကွင်းလယ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လိဒ်စ်အသင်းက ဘန်လေအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပြိုင်ဘက် ပရိသတ်များအား တံတွေးဖြင့်ထွေးခဲ့မှုကြောင့် ယခုလို ပြစ်ဒဏ် ချမှတ်ခြင်းခံခဲ့ရသည်။

ကွင်းလယ်ကစားသမား ဟန်နီဘယ်မီဘရီသည် ဘန်လေအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၃ပွဲကစားကာ တစ်ဂိုးသွင်းယူခဲ့သည်။

အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်(FA) ထုတ်ပြန်ချက်တွင် "ဟန်နီဘယ်မီဘရီကို ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေပြစ်ဒဏ်တို့ ချမှတ်ခဲ့ပါတယ်။ နောက်နောင် ယခုလို အပြုအမူမျိုး မပြုလုပ်ရန်လည်း သတိပေးခဲ့ပါတယ်" ဟု ထုတ်ပြန်သည်။ **(NGB)**



## ၂၀၂၅ မေဂျာလိဂ်ဖလား ချန်ပီယံဆုကို အင်တာမိုင်ယာမီအသင်း ဆွတ်ခူး



**ဝါရှင်တန် ဒီဇင်ဘာ ၇**

၂၀၂၅ မေဂျာလိဂ်ဖလား ချန်ပီယံဆုကို အင်တာမိုင်ယာမီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။ **(အပေါ်ပုံ)**

အင်တာမိုင်ယာမီအသင်းသည် မေဂျာလိဂ်ဗိုလ်လုပွဲစဉ်တွင် ဗန် ကူးဗားဝှိုက်ကပ်စ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အင်တာမိုင်ယာမီအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် မေဂျာလိဂ်ဖလား ချန်ပီယံဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အင်တာမိုင်ယာမီအသင်း၏ ထုတ်ပြန်ချက်တွင် "ယခုလို မေဂျာလိဂ်ဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။ **(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* လီဗာပူးအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်း တောင်ပံကစားသမား ရိုဒရီဂိုကို လာမည့် ဆောင်းရာသီဈေးကွက်အတွင်း ခေါ်ယူသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဖီဖာအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလား ပြိုင်ပွဲမှစတင်ကာ ထောင့်ကန်ဘောပေးရေးအတွက် VAR ဖြင့် စစ်ဆေးမှုများပါ စတင်ပြုလုပ်လာတော့မည်ဖြစ်သည်။

* ပရီးမီးယားလိဂ်ပွဲစဉ်(၁၃)၏ အကောင်းဆုံးကစားသမားဆုကို မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က ဆွတ်ခူးခဲ့သည်။

## အက်ဆဲလ်ဒီဆာစီအား ခေါ်ယူရန် လိုင်ယွန်အသင်း ဆွေးနွေး

**လန်ဒန် ဒီဇင်ဘာ ၇**

လိုင်ယွန်အသင်းသည် ချဲလ်ဆီးအသင်း နောက်ခံကစားသမား အက်ဆဲလ်ဒီဆာစီအား ခေါ်ယူရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းမှ အက်စတွန်ဗီလာအသင်းသို့ အငှားသွားရောက် ကစားပြီး ပြိုင်ပွဲစုံ ၁၀ ပွဲကစားကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုင်ယွန်အသင်းက ခေါ်ယူရန် ဆွေးနွေးလာခြင်း ဖြစ်သည်။ **(ယာပုံ)**

နောက်ခံကစားသမား အက်ဆဲလ်ဒီဆာစီကိုယ်တိုင်ကလည်း ချဲလ်ဆီးအသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် လိုင်ယွန်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ချဲလ်ဆီးအသင်းထံမှ အက်ဆဲလ်ဒီဆာစီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**



## တီမိုဝါနာ လိုက်ပဇစ်အသင်းတွင် ဆက်ရှိသွားမည်

**ဝါရှင်တန် ဒီဇင်ဘာ ၇**

လိုက်ပဇစ်အသင်း တိုက်စစ်မှူး တီမိုဝါနာက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် မေဂျာလိဂ်ကလပ်အင်တာမိုင်ယာမီအသင်းက ခေါ်ယူရန် စိတ်ဝင်စားခဲ့သော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး တီမိုဝါနာသည် လိုက်ပဇစ်အသင်းနှင့်အတူ ပြိုင်ပွဲပေါင်း ၅၅ ပွဲကစားပြီး ၁၈ ဂိုးအထိ သွင်းယူထားသည်။

အသက်(၂၉)နှစ်အရွယ်ရှိ တီမိုဝါနာက "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူသွားချင်ပါသေးတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။ **(ဝဲပုံ)(NGB)**



## နိုဝင်ဘာလအတွက် စပိန်လာလီဂါ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ယာမဲလ် ဆွတ်ခူး

**ဘာစီလိုနာ ဒီဇင်ဘာ ၇**

စပိန်လာလီဂါမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် နိုဝင်ဘာလအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်းတောင်ပံကစားသမား ယာမဲလ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ပြီးခဲ့သည့် နိုဝင်ဘာလအတွင်းက ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါပွဲစဉ် လေးပွဲကစားပြီး သုံးဂိုးသွင်း၊ သုံးဂိုးဂိုးဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ယာမဲလ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၁ ပွဲကစားကာ ၃၂ ဂိုးအထိ လည်းသွင်းယူနိုင်ခဲ့သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ယာမဲလ်က "ကျွန်တော် အခုလို တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(အောက်ပုံ)(NGB)**



### အရှေ့တောင်အာရှ ဆီးဂိမ်း ယူ-၂၂ အမျိုးသားဘောလုံးပြိုင်ပွဲ — နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၈-၁၂-၂၀၂၅ ညနေ၅း၃၀နာရီ | C | ဗီယက်နမ် - အင်ဒိုနီးရှား |

### အရှေ့တောင်အာရှ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ — နိုင်ကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၈-၁၂-၂၀၂၅ ညနေ ၃း၃၀နာရီ | B | မလေးရှား - မြန်မာ |
| ၈-၁၂-၂၀၂၅ ညနေ ၆း၀၀နာရီ | B | ဗီယက်နမ် - ဖိလစ်ပိုင် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၉-၁၂-၂၀၂၅ နံနက် ၀၂း၃၀ နာရီ | ဝုဖ် - (L,L,L,L,L) | မန်ယူ (D,D,L,W,D) | ဝုဖ် ၂-၀ မန်ယူ<br>မန်ယူ ၀-၁ ဝုဖ် |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၉-၁၂-၂၀၂၅ နံနက် ၀၂း၃၀ နာရီ | အိုဆာဆူနာ - (D,L,L,D,W) | လီဗန်တေး (L,L,L,L,W) | အိုဆာဆူနာ ၃-၁ လီဗန်တေး<br>လီဗန်တေး ၀-၀ အိုဆာဆူနာ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၈-၁၂-၂၀၂၅ ည ၈း၃၀ နာရီ | ပီဆာ - (D,D,W,D,L) | ပါးမား (D,W,W,L,L) | ———— |
| ၈-၁၂-၂၀၂၅ ည ၁၁း၃၀ နာရီ | အူဒီးနိစ် - (L,W,L,W,L) | ဂျီနိုအာ (W,D,D,W,L) | အူဒီးနိစ် ၀-၂ ဂျီနိုအာ<br>ဂျီနိုအာ ၂-၀ အူဒီးနိစ် |
| ၉-၁၂-၂၀၂၅ နံနက် ၀၂း၁၅ နာရီ | တိုရီနို - (D,D,D,L,L) | အေစီမီလန် (W,D,W,W,L) | တိုရီနို ၃-၁ အေစီမီလန်<br>အေစီမီလန် ၂-၂ တိုရီနို |

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ Installation ပြုလုပ်နေမှုအား ကြည့်ရှုအားပေး

**ရမည်းသင်း ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်နှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်တို့သည် ပျော်ဘွယ်မြို့သို့ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ Installation ပြုလုပ်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ Installation ပြုလုပ်ခြင်းကို နည်းပညာတက္ကသိုလ်(ရမည်းသင်း)မှ ကျောင်းအုပ်ကြီး ဒေါက်တာမြတ်သူနှင့် နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများက မဲရုံတွင် တာဝန်ထမ်းဆောင်မည့်သူများအား စက်ပိုင်းဆိုင်ရာ တပ်ဆင်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြသနေမှုတို့ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်တို့က ကြည့်ရှုအားပေးကာ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြသည်။



ပျော်ဘွယ်မြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ Installation ပြုလုပ်ခြင်းကို ဒီဇင်ဘာ ၄ ရက်မှ စတင်ဆောင်ရွက်နေခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ မဲရုံများတွင် အသုံးပြုသွားမည့် မဲပေးစက် ၆၄၉ လုံးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**



# ကျေးလက်လမ်း၊ တံတားလုပ်ငန်းများနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ၊ ညောင်ဦးမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများအား ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ညောင်ဦးမြို့နယ်အတွင်း ၂၀၂၄- ၂၀၂၅ ဘဏ္ဍာ နှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများဖြစ်သော လက်ပံတဲကျေးရွာ၊ ရေတွင်းညောင်ပင်ကျေးရွာ၊ မြေနဲလေးကျေးရွာ၊ မင်းနန်သူကျေးရွာ၊ တောင်ဘကျေးရွာနှင့် ရွှေလှိုင်းကျေးရွာတို့ရှိ ကျေးလက်ရေရရှိရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံကျေးလက်နေပြည်သူများအတွက် ရာသီမရွေးသောက်သုံးရေ အဆင်ပြေစေရန် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့ကောင်းမွန်အောင် ပိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားကာ ကျေးရွာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည့် အရှေ့ဖွားစောကျေးရွာ ဇယဝေရီကန်အထိ မြေသားတင် ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းပြီးစီးမှု၊ မြင်းကပါကျေးရွာ၊ မင်းနန်သူကျေးရွာနှင့် တောင်ဘကျေးရွာရှိ ကျေးရွာတွင်းလမ်းများ မြေသားတင် ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် (Box Culvert) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့်ပတ်သက်၍ ဒေသခံပြည်သူများ သွားလာအသုံးပြုမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်လမ်း၊ တံတားများ ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် စနစ်တကျထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

*-*-*-*-*

# စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**စစ်ကိုင်း ဒီဇင်ဘာ ၇**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြပွဲကို ဒီဇင်ဘာ ၄ရက် နံနက် ၁၀နာရီက စစ်ကိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေမင်းဝံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းက ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံစေရန်၊ အသိပညာဗဟုသုတများ ပြည့်စုံစေရန်၊ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်စေရန်အတွက် စာအုပ်၊ စာစောင်များကို လေ့လာဖတ်ရှုကြရေး၊ ငယ်စဉ်ကပင် စာဖတ်သည့် အလေ့အကျင့်ကောင်းများကို ပျိုးထောင်ကြရေး၊ အနာဂတ်တွင် နိုင်ငံတော်က အားထားရသည့် မျိုးဆက်သစ်လူငယ်လေးများ ဖြစ်လာစေရေးစသည့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်မေဇင်မိုးက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက် (၃)ရပ်၊ ကလေးအလုပ်သမားများ၏ အသက်အရွယ်နှင့် အလုပ်ချိန် ကန့်သတ်ချက်များ၊ကလေးအလုပ်သမားနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ စသည့် သိကောင်းစရာများကို ဟောပြောခဲ့သည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းနှင့် ဝန်ထမ်းများက (Mobile Library) စနစ်ဖြင့် သုတ၊ ရသစာအုပ်များ အခမဲ့ ငှားရမ်းပေးခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**အေးငြိမ်းစံ(ပြန်/ဆက်)**

*-*-*-*-*



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်း ဖွင့်လှစ်

**ဟုမ္မလင်း ဒီဇင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လက်သမားသင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃ရက် နံနက် ၁၀နာရီက ဟုမ္မလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဟုမ္မလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်ယုမေက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇွေးက ကျေးလက်ဒေသရှိ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်ရရှိလာကာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် သင်ထောက်ကူ ပစ္စည်းများဖြစ်သည့် လွှ၊ တူ၊ ဆောက်၊ ဂျင်တွဲ၊ ချိန်သီး၊ပေကြိုး၊ သင်ထောက်ကူစာအုပ်များကို တာဝန်ရှိသူများက ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့သည်။



အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားသင်တန်းတွင် သင်တန်းနည်းပြဆရာများက စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၃ ရက်မှ ၁၇ရက်အထိဖြစ်ကြောင်း၊ သင်တန်းသား ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

## ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

### ရုရှားလေကြောင်းလိုင်းတစ်ခုက လူတူစက်ရုပ်ကို လေယာဉ်မယ်အဖြစ် တာဝန်ပေး




ရုရှားလေကြောင်းလိုင်းတစ်ခုဖြစ်တဲ့ Pobeda က လေကြောင်းလောကမှာ ပထမဆုံးအဖြစ် Humanoid Robot(လူတူစက်ရုပ်)ကို လေယာဉ်မယ်အဖြစ် တာဝန်ပေးခန့်အပ်လိုက်တာကြောင့် ပထမဆုံးအဖြစ် သမိုင်းမှတ်တမ်းဝင်သွားပါတယ်။

အဲ့ဒီလူတူစက်ရုပ်ကို Volodya လို့ အမည်ပေးထားပြီး Ulyanovsk-Mosco ခရီးစဉ်မှာ လေယာဉ်အမှုထမ်းတွေနဲ့အတူ တာဝန်ထမ်းဆောင်ခဲ့ပြီး ရိုးရှင်းတဲ့ အလုပ်တွေကို ကူညီလုပ်ဆောင်ပေးပါတယ်။ သူက ခရီးသည်တွေကို ရင်းရင်းနှီးနှီးနှုတ်ဆက်တယ်။ ဘေးကင်းရေးဆိုင်ရာညွှန်ကြားချက်တွေကို ကြေညာပေးတယ်။ ခရီးသည်တွေနဲ့ အပြန်အလှန်စကားပြောပါတယ်။

ဧည့်ခံတာမျိုးမလုပ်သေးပေမယ့် သူ့ကို ခရီးသည်တွေအတော်လေးသဘောကျနေတာတွေ့ရပြီး ဓာတ်ပုံတွဲရိုက်တာတွေလုပ်ကြတဲ့အထိ ရေပန်းစားနေပါတယ်။ အခြားလေကြောင်းလိုင်းတွေမှာရော သုံးလာကြမလားဆိုတာ စိတ်ဝင်စားစရာပါ။ **ATK**

### 4K ရုပ်ရှင်တစ်ကားလုံးကို စက္ကန့် ၂၀ လောက်နဲ့ဒေါင်းလော့ဆွဲနိုင်မယ့် အမြန်ဆုံးအင်တာနက် လွှင့်တင်

အင်တာနက်လိုင်း အရမ်းကောင်းပါတယ်ဆိုတာတောင် 1Gp လိုင်းနဲ့တောင် 20Gp ရှိတဲ့ 4K ဇာတ်ကားတစ်ကားကို ဒေါင်းလော့ဆွဲမယ်ဆိုရင် ခုနစ်မိနစ်ကနေ ၁၀ မိနစ်လောက် စောင့်ရတတ်ပါတယ်။ ခုဆိုရင် တရုတ်က မိတ်ဆက်လိုက်တဲ့ အင်တာနက်ကွန်ရက်က ရုပ်ရှင်ဇာတ်ကားတစ်ကားလုံးကို စက္ကန့် ၂၀ လောက်နဲ့ ဒေါင်းလော့ဆွဲနိုင်တော့မှာပါ။

China Unicom နဲ့ Huawei တို့ပူးပေါင်းပြီး ကမ္ဘာ့ပထမဆုံး 10G Broadband အင်တာနက်ကွန်ရက်ကို စတင်လွှင့်တင်လိုက်ပြီဖြစ်ပြီး ဒါဟာ လက်ရှိမှာတော့ ကမ္ဘာမှာ အမြန်ဆုံးနှုန်း (Internet Speed) တစ်ခုလို့ ပြောရပါမယ်။




အမြန်နှုန်းကို ပြောရရင် Download Speed 9.834 Mbps(10Gbps နီးပါး)ရှိပါတယ်။ဒီလိုအံ့မခန်း မြန်နှုန်းမြင့်အင်တာနက်ကွန်ရက်ကို ပိုင်ဆိုင်လိုက်တဲ့ တရုတ်ဟာ အင်တာနက်မှာ နာမည်ကြီးတဲ့ ယူအေအီးနဲ့ ကာတာတို့လို နိုင်ငံတွေကို ကျော်တက်သွားပါတယ်။ **ATK**

### EV လောကကို ကိုင်လှုပ်မယ့် ဘက်ထရီသက်တမ်း နှစ် ၄၀ ခံနိုင်မည့် နည်းပညာသစ်

EV လျှပ်စစ်ကားလောကကို ကိုင်လှုပ်နိုင်မယ့် TOYOTA ရဲ့ Solid-State ဘက်ထရီ(သို့မဟုတ်)နှစ် ၄၀ ကြာအသုံးခံမယ့် နည်းပညာသစ်ကြောင့် လျှပ်စစ်ကားများ၏ သက်တမ်းကိစ္စကို ဖြေရှင်းပေးနိုင်တော့မှာ ဖြစ်ပါတယ်။ TOYOTA Solid-State ဘက်ထရီကို ၂၀၂၇-၂၀၂၈ ခုနှစ်လောက်မှာ စတင်အသုံးပြုနိုင်မယ့် လမ်းကြောင်းပေါ်ရောက်နိုင်တယ်လို့ဆိုပါတယ်။

လက်ရှိမှာ ဘက်ထရီသက်တမ်းတွေက ၁၀နှစ် ဝန်းကျင်သာ ပေးထားတာဖြစ်လို့ အဲ့ဒီထက် လေးဆလောက်သက်တမ်းပိုကြာစွာ အသုံးပြုနိုင်တော့မှာဖြစ်ပြီး နည်းပညာပိုင်းအရ ကြည့်မယ်ဆိုရင် Solid- State ဘက်ထရီတွေက မီးလောင်လွယ်တဲ့ အရည်(Liquid) လျှပ်ကူးပစ္စည်းတွေအစား Solid ပုံစံကိုပြောင်းလဲ အသုံးပြုထားတာပါ။ ဒါကြောင့် ပိုပြီး ဘေးကင်းလုံခြုံသလို စွမ်းအင်သိပ်သည်းဆလည်း ပိုများပြီး အကြမ်းခံမယ်လို့ သိရပါတယ်။

ပိုပြီး အံ့ဩစရာကောင်းတာက တစ်ကြိမ်အားသွင်းထားရင် ခရီးတာ မိုင် ၆၀၀ ကျော်မောင်းနှင်နိုင်မှာဖြစ်ပြီး အားသွင်းနှုန်းကလည်း ပိုမိုမြန်ဆန်လာမှာဖြစ်သလို အလေးချိန်က ပိုပြီး သေးငယ်ပေါ့ပါးမယ်လို့ သိရပါတယ်။ အစပိုင်းမှာ ဈေးကြီးနိုင်ပေမယ့် များပြားစွာ ထုတ်လုပ်လာနိုင်ပါက ကုန်ကျစရိတ်လျှော့ကျလာမယ်လို့ ခန့်မှန်းထားကြပါတယ်။

**ATK**

*-*-*-*-*



## မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာမိသားစု (၁၄၄)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့်ဝန်ထမ်းမိသားစုများမှစုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် လေးပြင်၊ လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော သံဃာတော်နှင့် သာမဏေများအား ဘုံဆွမ်းလောင်းလှူကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ဆွမ်း၊ ဆွမ်းဟင်းအလှူရှင် နန်းဦးတိုက်ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုသုမတို့က လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်နှင့် သာမဏေအပါး ၂၀၀ ကျော်တို့အား ယနေ့ နံနက်ပိုင်းက (၁၄၄)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်မျှစ်ချဉ်ချက်၊ ငါးပိထောင်းဘူးတို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင်ပြင်ဆင်၍ နံနက် ၅ နာရီခွဲမှစတင်၍ စာရေးတံမဲများဆက်ကပ်ခြင်း၊ ဆွမ်းနှင့် ဆွမ်း ဟင်းများလောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်၊ လေးရပ်မှ သံဃာတော်နှင့် သာမဏေများအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မန္တလေးနေ့စဉ်(၃)**



## သွေးလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**အောင်လံ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေကြသော လူနာများအတွက် အရေးပေါ်လိုအပ်နေသော 'သွေး'ကို စေတနာအပြည့်ဖြင့် အခမဲ့လှူဒါန်းပေးသော သွေးလှူရှင်များ၊ ပရဟိတအဖွဲ့များအတွက် ဂုဏ်ပြုပွဲကို ယနေ့ နံနက် ၉ နာရီက အောင်လံမြို့၊ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဌာနမှူး ဒေါက်တာအောင်မြင့်ဦးက သွေးလှူရှင်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အောင်လံမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်က ရှင်းလင်းတင်ပြခြင်း၊ သွေးလှူရှင် ပရဟိတအသင်းအဖွဲ့များ ကိုယ်စား Volunteer ဦးမြင့်သန်းလေးက ရှင်းလင်းတင်ပြခဲ့ပြီး သွေးလှူရှင်များကိုယ်စား (၆၃)ကြိမ်မြောက် သွေးလှူရှင် ဦးအောင်မျိုးက ကျေးဇူးတင်စကားနှင့် လိုအပ်သည်များကို ပြောကြားခဲ့သည်။

ထို့နောက် အကြိမ်(၃၀)နှင့်အထက် သွေးလှူရှင်များ၊ ပြည်သူ့ကျန်းမာရေးအတွက် အဘက်ဘက်ကနေ ကူညီဆောင်ရွက်ပေးကြသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**အာကာ(မြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**ပြည်ကြီးတံခွန် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် OSS ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တာဝန်ရှိသူများက တိုက်ဆိုင်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တိုက်ဆိုင်စစ်ဆေးရာတွင် ဒုတိယအကြိမ် မဲစာရင်းကြေညာပြီးနောက် မဲစာရင်းတွင် ပါဝင်ခြင်းမရှိသဖြင့် ပုံစံ(၃)၊ ပုံစံ(၄)နှင့် ပုံစံ၄(က) လျှောက်ထားသူများအား ၎င်းတို့လျှောက်ထားသည့် လျှောက်လွှာပါအချက်အလက်များနှင့် ပတ်သက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးရှိ Sever ဖြင့် တိုက်ဆိုင် စစ်ဆေးဆောင်ရွက်ခြင်းများပြုလုပ်လျက်ရှိရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သွင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းထွန်းကျော်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းမောင်(ခရိုင်၊ မြန်/ဆက်)**

၀-၀-၀-၀-၀-၀

# ဆရာနေမျိုး၏ ပုံတူပန်းချီကား(သို့မဟုတ်)မဝင်းမေ ပေါ့ထရိတ်




'လူတို့သည် သေခြင်းတရားနှင့်ပတ်သက်၍ မည်သို့ရင်ဆိုင်ကြသလဲ။ အချို့သည် နားမလည်မှုဖြင့် ရင်ဆိုင်ခဲ့ကြသည်။ အချို့သည် ပျော်ပျော်နေ သေခဲဆိုသည့်နည်းဖြင့် ရင်ဆိုင်ခဲ့ကြသည်။ အချို့သည် ပျော့ညံ့မှုဖြင့် ရင်ဆိုင်ခဲ့ကြပြီး အချို့ကား အားမာန်သတ္တိဖြင့် ရင်ဆိုင်ခဲ့ကြသည်။'

(လီယိုတော်လ်စတွိုင်း)

ပြီးခဲ့သည့် နိုဝင်ဘာ ၁၈ ရက်က သူငယ်ချင်းဖြစ်သူ ပန်းချီဆရာ၊ စာရေးဆရာနေမျိုးမှ လတ်တလောထွက်ရှိလာသော သူ၏ အက်ဆေးစာအုပ်တစ်အုပ်လက်ဆောင်ပေးပါသည်။

စာအုပ်မှာ ကဗျာဆရာစိုင်းဝင်းမြင့်၏ 'ကျော်မွှေးစာပေ'မှ ထုတ်ဝေဖြန့်ချိသော 'မဝင်းမေ ပေါ့ထရိတ် အက်ဆေးများ'စာအုပ်ဖြစ်သည်။ စာအုပ်ခေါင်းစဉ်တွင် ဖော်ပြပါရှိသော မဝင်းမေ ဆိုသည့် အမျိုးသမီးအမည်မှာ အခြားသူမဟုတ်ချေ။ စာရေးသူ ဆရာ နေမျိုး၏ဇနီး ဖြစ်လေသည်။

ယခုအခါ ဆရာနေမျိုး၏ ဇနီး မဝင်းမေမှာ မရှိတော့ပေ။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ကွယ်လွန်သေဆုံးခဲ့သည်မှာ ၂၄ နှစ်ကျော် ၂၅ နှစ်တာမျှ ကြာမြင့်ခဲ့၏။

(Portrait)ပေါ့ထရိတ် ဆိုသည်မှာ 'ပုံတူ' ရေးဆွဲခြင်းဖြစ်လေရာ ဆရာနေမျိုးသည် သူ၏ ဇနီးပုံတူကို ခဲ၊ မင်တို့ဖြင့် မရေးခြစ်၊ ဆေးဖြင့် မရေးခြယ်ဘဲ အက္ခရာစကားလုံးတို့ဖြင့် ရေးခြယ်ထား၏။

စာအုပ်မှာ အမှာစာမပါဘဲ စာစုအက်ဆေး (၄၄)ပုဒ်ကို စုစည်းထားသည်။ မဝင်းမေ ပေါ့ထရိတ်၊ ဦးလေး၏ အိပ်မက်၊ ကြယ်တွေငိုလျှင်၊ သို့ လူကလေးမောင်နေမျိုး၊ စက်စဲကိုရောက်တော့ မင်းအိပ်ပျော်နေတုန်း၊ ကဖေးဆိုင်ထဲက နွေလယ်ခင်း၊ မုန်လာချဉ်ပုလင်းကလေး၊ ကျွန်တော့် အမေဟာ သူမကွယ်လွန်မီ နံနက်ပိုင်းက ကျွန်တော့်ကို ခဲတံချွန်ပေးခဲ့တယ်၊ ဓာတ်ပုံထဲမှာ ပြုံးရယ်နေသူ၊ အဲ့ဒါမင်းအကြောင်းတွေ၊ လွမ်းတဲ့နှစ်များ၊ ညဥ့်ယံမှတ်စုများ၊ နွေဦးပေါက်အလွမ်း၊ နွေရက်များကို ဖတ်ရှုခြင်း၊ လူတစ်ယောက်ရဲ့ ပုံတူ၊ အိမ်၊ တည်ရှိခြင်း၊ မောင့်သူငယ်ချင်းတွေ၊ သူတို့အောင်နိုင်ကြပေသည်၊ သစ်ကုလားအုတ်၊ ၁၉၉၀ ပြည့်နှစ်က အရေးအသား၊ ပီကာဆိုနှင့် ကျွန်တော့်ပုံတူ၊ ကြက်ဥဘဲဥပုံဝတ္ထု(၁)၊ ကြက်ဥဘဲဥပုံဝတ္ထု(၃)၊ မင်းကိုအကြောင်းပြုပြီး အားလုံးကို သံယောဇဉ်ဖြစ်ရတယ်၊ ဆံပင်ဖြူခရေဇီ၊ အလောင်းနှင့် ခရီးသွားခြင်း၊ သင်္ကြန်နေ့ရက်များ၊ အီကြာကွေးသို့ အမှတ်ရခြင်း၊ သီတင်းကျွတ်ပြီ၊ တံဆိပ်တုံးနဲ့ အိမ်ကလေး၊ ငါသေသောအခါ မငိုပါနဲ့၊ အမေ့မင်္ဂလာဆောင်မှာ ကိတ်မုန့်စားတဲ့ကောင်လေး၊ နွေနှောင်းညဥ့် အိပ်စက်ခြင်း၊ ကျွန်ုပ်၏ညစာ၊ ဆောင်းညများ၌ စာရေးခြင်း၊ နွေဦးပေါက်ရင် ကဗျာနှစ်ပုဒ်၊ ကျွန်တော်တို့ခေတ်ရဲ့ အမှတ်ရချက်များ၊ ရေနှင့် အနုပညာ၊ လွမ်းတေးကိုသီ၊ မနက်စာ အက္ခရာ၊ နှစ်ကာလများ(၂)၊ ငါ့ကိုလွမ်းဆွေးရစ်အောင် ထားခဲ့လေသလား၊ အမှတ်ရမိနေသော ပန်းချီကားကလေးတို့ ဖြစ်သည်။

အက်ဆေးများမှာ ၂၀၀၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ရေးသားခဲ့သော စာစုများဖြစ်ကြောင်း သူ၏ စာစုများအဆုံးအောက်ခြေရက်စွဲအရ သိရသည်။ အက်ဆေးများအားလုံး ရေးဟန်မတူ၊ အချို့အက်ဆေးများကို စကားပြောဟန်ဖြင့် ရေးထားပြီး အချို့အက်ဆေးများကို စကားပြေဟန်ဖြင့် ရေးဖွဲ့ထား၏။

ငယ်စဉ်က ဖတ်ရှုခဲ့ရသော ဆရာဇေယျ၏ 'မြန်မာ့မျက်ပွင့်' ရှာလေ့အက်ဆေးများနှင့်မတူဘဲ တစ်မူထူးခြားသည့် ဖတ်ပျော်ဖွယ်အက်ဆေးများဖြစ် ကာဇရာနှင့် သေခြင်းတရားကို ခမ္မမိဋ္ဌာန်ကျကျ တွေးတောဆင်ခြင်မှုကို တွေ့မြင်ရလေသည်။

'ကျွန်တော် အိမ်ထောင်ကျပြီး နှစ်အနည်းငယ်တွင် ကျွန်တော့်ဇနီးဦးခေါင်းမှ ဆံပင်ဖြူတချို့ကို စတင်တွေ့မိခဲ့သည်။ ညနေခင်းတစ်ခုတွင် သူ့ဆံပင်များ ဖြီးသင်နေခိုက် ဆံပင်ဖြူတချို့ကို ကျွန်တော် စတင်တွေ့လိုက်မိခြင်းဖြစ်သည်။ ကျွန်တော်က ဆံပင်ဖြူများကိုကြည့်၍ ဒါမင်းပထမဆုံးပေါက်လာတဲ့ ဆံပင်ဖြူတွေမဟုတ်လားဟု ဆိုလိုက်ပါသည်။ သူကမဖြေပါ။ ငါအမှတ်တရသိမ်းထားမယ်ဟုဆိုကာ ကျွန်တော်ဆံပင်ဖြူတွေကို နုတ်ဖို့ကြိုးစားခဲ့သည်။ ကျွန်တော့်ဇနီးက အို-မင်းကလည်း ပေါက်ပေါက်ရှာရှာ ဒါသိမ်းထားစရာလားဟု ဆိုပါသည်။ ကျွန်တော်က ဇနီးကို မင်းအသွားကြီးဖြစ်သွားပြီကွ၊ ဆံပင်တွေဖြူနေပြီဟုဆိုတော့ သူက ပြုံးယောင်ပြုနေခဲ့သည်။ ပြီးတော့ ငါက မင်းထက်အသက်ကြီးတယ်လေတဲ့။ ထိုစဉ်က ကျွန်တော်သည် ဇနီးဖြစ်သူကို ချစ်ခင်စိတ်ဖြင့် ကျီစယ်လို၍ ပြောခဲ့ခြင်း ဖြစ်တန်ရာပါသည်။

ယခုနှစ် ဇူလိုင်လဆန်းပိုင်းက ရုပ်သံအစီအစဉ်တစ်ခုတွင် အဆိုတော် ဘိုဖြူကို တွေ့လိုက်ရသည်။ သူ့ဆံပင်တွေမှာ တစ်ခေါင်းလုံးဖြူဖွေး၍ နေတော့သည်။ ဒါပေမဲ့ ကြည့်လို့ကောင်းသားပဲ။ သူ၏ ဖျော်ဖြေတင်ဆက်မှုကို နှစ်သက်စွာ နားဆင်ရင်း သူ့ဆံပင်ဖြူဖြူတွေက သူနှင့်လိုက်ဖက်နေသလိုပင် ထင်မှတ်မိသည်။ ကျွန်တော်ခင်မင်ရင်းနှီးသော နိုင်ငံကျော်ကာတွန်းဆရာ အော်ပီကျယ်မှာလည်း ဆံပင်ဖြူဖြူတွေ တစ်ခေါင်းလုံး အပြည့်ပါပင်။ ဆံပင်ဖြူဖြူတွေအောက်မှာ နီးကြားထက်မြက်သော သူ့မျက်နှာပုံသွင်ကို အထင်သားတွေ့ရလေသည်။ မန္တလေးနေ့စဉ်သတင်းစာနှင့် စာနယ်ဇင်းများတွင် ဖတ်ရှုရသော သူ၏သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြုကာတွန်းပုံတွေက ထိထိမိမိရှိလှသည်ကို သတိပြုမိခဲ့သည်။ ဒီလိုဆိုတော့ ဆံပင်ဖြူဖြူတွေက ဇရာရဲ့ အဓိပ္ပာယ်အမှတ်လက္ခဏာတစ်ခုတည်းမဟုတ်တော့ဘူးပေါ့။ ရင့်ကျက်ခြင်း၊ ပြည့်ဝခြင်း၊ တည်ငြိမ်ခြင်းဟုလည်း အဓိပ္ပာယ်ဆောင်လေမည် ပင်။

(ဆံပင်ဖြူခရေဇီမှ--)

နောက်တစ်ပုဒ်ကို ဖတ်ကြည့်စေချင်သည်။ 'ငါသေသောအခါ မငိုပါနဲ့'အက်ဆေးထဲမှ စာသားအချို့ဖြစ်သည်။ သေခြင်းတရားနှင့်ပတ်သက်၍ သတိပြုတွေးတောဆင်ခြင်ရမည်ဖြစ်လေသည်။

'သေခြင်းတရားကို ကျွန်တော် စဉ်းစားကြည့်ခဲ့ဖူးပါသည်။ သေခြင်းတရားထဲသို့ စိတ်ကူးဖြင့် တမြည့်မြည့်ဝင်ရောက် ကြည့်ခဲ့ဖူးပါသည်။ ယခုရက်များတွင် တစ်ဖန် ထိုစဉ်းစားမှုမျိုးကို ပြန်လည်ဆင်ခြင်ကြည့်မိပါသည်။ ကျွန်တော်သေဆုံးကွယ်လွန်သွားလျှင် သမီးကလေးကို မှာကြားရန် သတိရပါသည်။ ကျွန်တော့်သူငယ်ချင်း ကဗျာဆရာ၊ စာရေးဆရာများ ကွယ်လွန်လျှင် သူတို့၏ စာပေလက်ရာကို စက္ကူပေါ်တွင် ရိုက်နှိပ်၍ အသုဘရှုလာသူများကို ဝေငှလေ့ရှိကြပါသည်။ ကျွန်တော်သေဆုံးကွယ်လွန်သွားလျှင်လည်း ထိုသို့ပင် ပန်းဖလက်စက္ကူပေါ်တွင် စာပေလက်ရာတစ်ခုခုကို ရိုက်နှိပ်၍ အသုဘရှုလာသူများကို ဝေငှကြလိမ့်မည်။ သမီးကလေးကို ကျွန်တော်က ဒီလိုမှာချင်သည်။ ကျွန်တော်ရေးသားခဲ့ဖူးသော စာများထဲမှ 'ကျွန်တော်အသက်ရှင်ခဲ့ဖူးတယ်ဆိုသော စာသားများကို ရိုက်နှိပ်ပေးပါလား။ ကျွန်တော်ချစ်ခင်ရတဲ့ မိတ်ဆွေတွေ ကျွန်တော့်ကို အမှတ်ရစေချင်သည်။ အလင်္ကာကျော်စွာဆရာကြီး မြို့မငြိမ်းကွယ်လွန်တော့ သူ့အုတ်ဂူမှာ သူနောက်ဆုံးရေးသားခဲ့သည်။ 'တိမ်လွှာမို့မို့လွင်'သီချင်းကို ကမ္ပည်းရေးထိုးပေးခဲ့ကြသည်။ ကျွန်တော်သေလွန်သောအခါ အုတ်ဂူမှာ ရေးထိုးပေးစေချင်တာက ခုနက 'ကျွန်တော်အသက်ရှင်ခဲ့ဖူးတယ်'ဆိုတဲ့ စာသားများပါပဲ။ ထိုသို့ စဉ်းစားနေမိရင်း သေခြင်းတရားကို ကျွန်တော်ရင်ဆိုင်ရန် အသင့်ဖြစ်လာသည်။ ကျွန်တော်လူငယ်ဘဝ တက်ကြွစဉ်မှာ သေမှုးမူးနှင့်ပြောခဲ့ဖူးသည်။ 'လူဆိုတာ သေမျိုးမဟုတ်ဘူး၊ နေမျိုးကွ'ဟု ဖြစ်ပါသည်။ သံချိုင်းမြေနှင့် သေခြင်းတရားကို ငယ်စဉ်ကပင် အကျွမ်းတဝင်ရှိခဲ့သူမို့ ပူပင်သောက မဖြစ်တော့ပါ။ ရုံဖန်ရုံခါနောက်ဆံငင်ခဲ့ရသည်များရှိသော်လည်း ယခုမူ ကျွန်တော်သက်သောင့်သက်သာ ဖြစ်နေပါသည်။

ကြာတော့ကြာမြင့်ခဲ့ပြီ။ နှစ် ၂၀၊ ၂၅ နှစ်လောက်ပင်ရှိရော့မည်။ ခုတင်ပေါ်မှာ ကျွန်တော်က လဲလျောင်းနေသည်။ ဇနီးဖြစ်သူက ကျွန်တော့်ဘေးမှာ။ ကျွန်တော်က ခုတင်ပေါ်မှာ လဲလျောင်းရင်း တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်နေသည်။ အတန်ကြာတော့ ဒါကို ရိပ်မိသော ဇနီးဖြစ်သူက ကျွန်တော့်ကို လက်ဖြင့် လှုပ်နှိုးသည်။ ကျွန်တော် ဘာမျှမသိလူသေတစ်ယောက်လိုပင် ငြိမ်သက်နေခဲ့သည်။ အတန်ကြာတော့ ဇနီးဖြစ်သူက 'မင်း ငါ့ကို အဲ့လိုမစနဲ့'ဟု ဆိုသည်။ ဤတွင်မှ ကျွန်တော်က 'ငါသေသွားပြီ'ဟုဆိုကာ ငြိမ်နေမြဲ ငြိမ်နေလိုက်သည်။ ကျွန်တော့်ဇနီးက ထိုအပြုအမူကို သဘောမကျ။ နှစ်တွေ ကြာမြင့်ခဲ့ပေပြီ။ သေခြင်းတရားအကြောင်း စဉ်းစားမိခဲ့တဲ့ အချိန်တွေ။ ခဏငယ်မျှ ငြိမ်သက်သွားတဲ့အချိန်တွေ။ အရာရာကို ရင်ဆိုင်ရဲလာစေတဲ့ အချိန်တွေ။ ဘဝတစ်ခု၏ နိဂုံးကို အလည်တစ်ခေါက်သွားရောက်မိတဲ့ အချိန်တွေလေ။'

(ငါသေသောအခါ မငိုပါနဲ့မှ--)

ဆရာနေမျိုး၏ 'မဝင်းမေ ပေါ့ထရိတ်'ထဲမှ 'မနက်စာအက္ခရာ'စာစုမှာ စိတ်ဝင်စားဖို့ကောင်းသည်။ သေဆုံးသွားသူမရှိတော့သည့်အချိန်များတွင် ကျန်ရစ်သူက မိမိ၏စာရိတ္တကို အသိဉာဏ်ဖြင့် အမြဲမပြတ်နှလုံးသွင်းကာ သစ္စာရှိရှိ လူ့ဘဝကို လှပစွာ ဖြတ်သန်းပြီး အားမာန်သတ္တိဖြင့် ရင်ဆိုင်ကြဖို့ သတိပေးထားသည်။

'အောင်မြင်သူတစ်ယောက်၏နောက်တွင် ဇနီးကောင်းတစ်ယောက်အမြဲရှိ၏ ဟူသော စကားရပ်ကို ကြားဖူး၏။ အတော်ပင်နေရာကျလှသော စကားဖြစ်၏။ ကျွန်တော်သည် မကြာမြင့်သေးသောရက်က ဓာတ်ကွက်တစ်ခုကို စဉ်းစားမိရာတွင် မိန်းမဖြစ်သူက ဖောက်ပြန်သူနှင့် ရုပ်ရှင်ရုံထဲတွင် လာရောက်ကြည့်ချိန် ယောကျ်ားဖြစ်သူကလည်း ဖောက်ပြန်သည့် အမျိုးသမီးနှင့် ထိုရုပ်ရှင်ရုံသို့ပင် လာကြည့်ပုံ၊ ရုပ်ရှင်ဇာတ်လမ်းပြီး၍ မီးများလင်းလာသောအခါ အပြန်အလှန် မြင်တွေ့ကြရပုံကို စဉ်းစားမိ၏။ လူမှုပြုပြင်ရေးသဘောကား စာရိတ္တကို အခြေခံရမြဲဖြစ်သည်ဟု ထင်မှတ်မိပါသည်။ အချစ်ဆိုတာ ဒီတစ်ယောက်နဲ့ပဲပြီးသွားရတာလားဟု ကျွန်တော့်ကို အမျိုးသမီးတစ်ယောက်က မေးခွန်းထုတ်၏။ ၎င်းသည် အဖြေမရှိသော မေးခွန်းဖြစ်၏။

ကျွန်တော်သည် မဝင်းမေ မရှိတော့သည့်တိုင် ၂၄ နှစ်တာကို မငြီးမငွေ့ကောင်းစွာ ဖြတ်သန်းနိုင်ခဲ့၏။ ကျွန်တော်သည် မဝင်းမေအကြောင်း ပြောရာတွင် သူက ဟင်းတုံး သုံးတုံးရှိရင် ကျွန်တော့်ကို နှစ်တုံးကျွေးတယ်။ သူက တစ်တုံးပဲ စားတယ်။ ဟင်းနှစ်တုံးရှိရင် သူကကြီးတဲ့ ဟင်းတုံးကို ကျွန်တော့်ကျွေးတယ်။ သေးတဲ့ဟင်းတုံးကို သူစားတယ်။ တကယ်လို့ ဟင်းတုံးက တစ်တုံးပဲရှိတော့ရင် သူက အနှစ်နဲ့စားပြီး ကျွန်တော့်ကို အသားတုံးကျွေးတယ်ဟု ပြောလေ့ရှိ၏။ ၎င်းသည် အဖြစ်မှန်နီးပါးဖြစ်၏။ ကျွန်တော်သည် မဝင်းမေအကြောင်းပြောရလျှင် ထမင်းမေ့ ဟင်းမေ့ဖြစ်တော့၏။ သူမအကြောင်းပြောရန် အမြဲစိတ်အားထက်သန်မှုရှိပါ၏။

အိမ်ထောင်ရေးသာယာမှုက နေ့စဉ်ဘဝကို များစွာ ကောင်းကျိုးပြု၏။ ဇနီးဖြစ်သူက ခင်ပွန်းမသိအောင် ခင်ပွန်းဖြစ်သူက ဇနီးမသိအောင်ဘာမျှမပြုလုပ်သင့်ဟု မိမိအတွေ့အကြုံမှ ကောက်နုတ်ပြောပြလိုပါ၏။ စာရိတ္တကို မပြတ်နှလုံးသွင်းအပ်၏။

ယခုလို ဆောင်းဝင်စ ညဦးပိုင်းအချိန် ထမင်းစားပြီးကြသောအခါ မဝင်းမေက ကျွန်တော့်ကို မေးခွန်းတစ်ခု မေး၏။ 'မိန်းမပေါတယ်၊ မယားရှားတယ်တဲ့၊ အဲ့ဒါ မင်းသိလား'ဟု ဖြစ်၏။ ကျွန်တော်သိကြောင်း ခေါင်းညိတ်ပြရ၏။ မဝင်းမေနှင့် ကျွန်တော်အေးအေးလူလူစကားပြောနေကြရင်း အပေါ်ထပ်ခေါင်းရင်း ပြတင်းပေါက်ကို ဖွင့်ထား၏။ ပြတင်းပေါက်မှ နက်ရှိုင်းသော အဇ္ဈာ မိုးကောင်းကင်ကြီးကို မြင်ရ၏။ သူမနှင့် ကျွန်တော် မိုးကောင်းကင်ကြီးကို ကြည့်နေကြချိန်တွင် ကြယ်ကြွေသွားသည်ကို မြင်လိုက်ရ၏။ ကျွန်တော်က ကြယ်ကြွေသွားတယ် အစ်မဟုပြော၏။ သူမက အေး ဟုဆို၏။ ခဏမျှအကြာတွင် နောက်ထပ်ကြယ်ကြွေသည်ကို မြင်ရပြန်၏။ အစ်မက ကြယ်ကြွေသွားတယ်ဟု ပြော၏။ ကျွန်တော်က အေး ဟု ပြော၏။ ပြတင်းပေါက်မှ မြင်နေရသော မိုးကောင်းကင်ကြီးမှာ ပိန်းပိတ်နက်ရှိုင်းကာ ကြယ်မှုန်မှုန်ကလေးများကို တွေ့ရ၏။ ကျွန်တော်သည် တရုတ်စာရေးဆရာ ယူတာဖူး၏ (မူးယစ်ဝေသော နွေဦးညများ ဝတ္ထုတို)စာပေဟန်ကဲ့သို့ စာမူတစ်ပုဒ်ကို ရေးရန် စိတ်ကူးနေ၏။ ၎င်းသည် ၁၉၉၂ ခုနှစ်ခန့်က ဖြစ်၏။'

(မနက်စာအက္ခရာမှ--)

ဆရာနေမျိုးသည် ၂၀၂၃ ခုနှစ်အတွက် 'မိုးဘိုင်စကုပ်'အက်ဆေးစာအုပ်ဖြင့် အမျိုးသားစာပေဆုကို ရရှိခဲ့ပြီးဖြစ်၍ ယခု ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် ထွက်ရှိလာသော 'မဝင်းမေ ပေါ့ထရိတ်'အက်ဆေးများကို ညွှန်းဆိုရလျှင် အက်ဆေး(၄၄)ပုဒ်စလုံးကို ညွှန်းဆိုရမည် ဖြစ်သည်။ စာမျက်နှာအခက်အခဲကြောင့် သုံးပုဒ်လောက်သာ ညွှန်းဆိုလိုက်ရပါသည်။ ကျန်အက်ဆေးများ ကိုယ်တိုင်ဖတ်ရှုခံစားနိုင်ကြဖို့ မန္တလေးစာအုပ်အရောင်းဆိုင်များမှာ ဝယ်ယူအားပေးနိုင်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

သွယ်အောင်

## "ဒို့အတူတူ မဲပေးကြမယ်" သတင်းစကား လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ



**မန္တလေး ဒီဇင်ဘာ ၇**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားတိုင်း နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် ဆန္ဒမဲပေးနိုင်ရေးအတွက် "ဒို့အတူတူ မဲပေးကြမယ်" အသိပညာပေး သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ မြေစိုက်ပိုစတာစိုက်ထူခြင်းတို့ကို ယမန်နေ့ မွန်းလွဲပိုင်းက မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ မဟာအောင်မြေအရှေ့ရပ်ကွက်များရှိ လူစည်ကားရာ နေရာများတွင် ဆောင်ရွက်ခဲ့ကြသည်။ (ဓါတ်ပုံ)

အဆိုပါ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်း ဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးရဲမင်းလွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လင်းခိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာရပ်ကွက်၊ စာရေးများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ လူစည်ကားသည့်နေရာတို့တွင် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝ၅၆)

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ ရရှိပြီး စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောခြင်း၊ စာအုပ်ပြပွဲနှင့်နံရံကပ်စာစောင် ပြသခြင်းများကို အခြေခံပညာကျောင်းများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ဇီးပင်ဝန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ဇီးပင်ဝန်းကျေးရွာအခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်မိုးမိုးမြတ်က ဗဟုသုတများပြည့်စုံပြီး ဘက်စုံထူးချွန်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပပေးခြင်းဖြစ်သည့်အတွက် သေချာမှတ်သားနာယူပြီး လူတော်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် အမှာစကား ပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျောင်းသားနှင့်ပညာရေး၊ ကျောင်းသားနှင့် ကျန်းမာရေး၊ ကျောင်းသားနှင့် စာပေဖတ်ရှုခြင်းအကြောင်းများ ရှင်းလင်းဟောပြောခဲ့သည်။

အသိပညာပေးဟောပြောပွဲ အပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် စာအုပ်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်းသိရသည်။

(အောက်ဝဲပုံ) (၄၈၅)







## လူငယ်ပညာပေးဟောပြောပွဲနှင့် ပြပွဲ ဆောင်ရွက်

**မြို့သစ် ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာဗဟုသုတ ရရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်ပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဆင်ဖြူချီကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဖွန်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူအသင်း(Book Club) အဖွဲ့ဝင် ဆရာဦးတင်မောင်ဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများကိုလည်းကောင်း၊ ဆရာဦးဌေးလွင်က ကျောင်းသားလူငယ်များ အားလပ်ချိန်တွင် စာပေဖတ်ရှုခြင်းဆိုင်ရာ အသိပညာပေး အကြောင်းအရာများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးစာအုပ်၊ စာစောင်များပြသရာ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

ဝင်းအိဖွန်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

### လမ်းလျှောက်ကြပါစို့

\- - - - - - - - - - -

* ဆောင်းဟေမန် မြူနှင်းက
ဖွဲ့ဖွဲ့ကျ ဖျန်းပက်လာ
လမ်းလျှောက်ရန် ပြင်ဆင်လျက်
လှမ်းထွက်ကြတာ ။

* အားကစားလှုပ်ရှားပါ
ကိုယ်ကျန်းမာကောင်းမွန်ရေး
သွေးပူအောင် လေ့ကျင့်ခန်းနှင့်
လျှောက်လှမ်းစို့လေး ။

* ဆောင်းရာသီ လမ်းလျှောက်ပွဲ
အတူတူနဲ့ ပါဝင်လေ
ကျန်းမာလျှင် လာဘ်တစ်ပါး
ကြိုးစားကြစေ ။

* အေးချမ်းခြင်း မမှုပေ
သွက်လက်လူ ဖြစ်မှာမို့
နံနက်ကို စောစောထကာ
လှမ်းကြပါစို့ ။

* စိတ်ကြည်လင် အကျိုးတရား
နိုးကြားလို့ လှမ်းစို့အတူ
ကျန်းမာလျှင် ပျော်ရွှင်အထူး
ကြည်နူးမှုယူ ။

* လေ့ကျင့်ခန်း ဆောင်ရွက်သူ
တို့ခန္ဓာတွေ လန်းဆန်းရေး
ချစ်မိတ်ဆွေ ပြုံးပျော်လန်းမည်
လမ်းလျှောက်စို့လေး ။ ။

မောင်မောင်လင်းထွဋ် (နန်းတော်ရှေ့)

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်အကြို လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ဒီဇင်ဘာ ၇ ရက်၌ ကျင်းပမည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြို ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၃နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က ကျောင်းရှေ့လမ်း ပြုပြင်ထားရှိမှု၊ မှခ်ဦးဆောက်လုပ်မည့် အနေအထားနှင့် ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် လုပ်ငန်းစဉ်များ၊ မော်တော်ယာဉ်များရပ်နားရန်နေရာ ပြင်ဆင်ထားရှိရေးနှင့် ပြိုင်ပွဲပြုလုပ်မည့် ကျောင်းတွင်း၊ ကျောင်းပြင် နေရာများကို အပြီးပြင်ဆင်ထားရှိကြရန်နှင့် အစမ်းလေ့ကျင့်မှု လုပ်ငန်းများ အောင်မြင်ချောမွေ့စေရေး လိုအပ်သည်များ ဆွေးနွေးကြရန် ပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ခရိုင်ပညာရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြပြီး မြို့နယ်ဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး လိုအပ်သည်များကို မိမိတို့တာဝန်ယူထားသည့် အပိုင်းအလိုက် ပိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(အောက်ပုံ) (၄၅၆)



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ အကွက်အမှတ်(န-၉)၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးအောင်ဖြူ(ခ)ဦးအောင်နိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ လက်ရှိလက်ရောက်လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသူဟု အဆိုပြုသူ ဦးအောင်ဖြူ(ခ)ဦးအောင်နိုင်(ဘ)ဦးသိန်းဖေ(၉/မရမ(နိုင်)၀၁၀၆၂၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးလှနွယ်**(LL.B)

DL(101)., IP Law (Geneva,, Swilzerland)

**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်နှင်းနှင်းယု**(LL.B) **ဦးစိုးသက်ပိုင်**(LL.B)

**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**

**အိမ်အမှတ်(၂/၄)၊ ၆၃လမ်း၊ ၃၁လမ်းနှင့်၃၂လမ်းကြား၊ ရေနီမြောင်းတောင်ဘက်၊ စိဗ္ဗိလိုင်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၄၃၈၆၆၊ ၀၉-၉၆၂၀၄၃၈၆၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ(၁)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၈/သစ်ချိုကုန်း)၊ ဦးပိုင်အမှတ်(၁/၁၃၁)၊ အကျယ် ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးသန်း အမည်ပေါက် ဂရန်မြေကွက်အနက်မှ တောင်ဘက်အဆုံးအခြမ်း အကျယ် (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်တင်မိုးနွယ်(ဘ)ဦးစိန်ထွန်း(၉/နထက(နိုင်)၀၀၁၉၃၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမြင့်သူ (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၄၅၁)၊ အကျယ် ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးစောလွင် အမည်ပေါက် ဂရန်မြေကွက်အနက်မှ အနောက်ဘက်ခြမ်း ပေ(၃၀ ×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးခင်မောင်ဌေး(ဘ)ဦးစော်ဘွား(၉/ပသက(နိုင်)၀၃၈၆၇၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမြင့်သူ (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၄)၊ ဦးပိုင်အမှတ်(၆၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးကျော်စိုး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုးထရံကာ(၂)ထပ် အဆောက်အအုံ၊ ရေ+မီးမီတာ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိတရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီဂီမာလာထွန်း(ဘ)ဦးတင်ထွန်း(၁/မကန(နိုင်)၀၉၁၆၆၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**(ရှေ့နေဦးခင်မောင်ဝင်း)**B.A, H.G.P, RL(II), DBL **၏ တပည့်များ**

**ဦးစိုင်းဝဏ္ဏ**(LL.B)၊ **ဦးသူရလင်း**(LL.B)

**(တရားလွှတ်တော်ရှေ့နေများ)**

UKMW - LAW FIRM

**အကွက်(၇၇၅)၊ ၂၈ လမ်းနှင့် လမ်း ၇၀ထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၀၅၀၆၂၊ ၀၉-၂၅၉၁၁၁၈၇၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၈)၊ ဦးပိုင်နံပါတ်(၁၆၆)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးညွန့်သောင်းနှင့် ဦးစိုးမြင့်ဦးတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်ဘက်ခြမ်း(၁၅ ပေ× ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စုဝတ်ရည်ဦး(ဘ)ဦးတင်ဦး(၉/ခမစ(နိုင်)၀၁၉၂၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး LL.B, LL.M** **ဒေါ်အိအိမွန် LL.B, LL.M**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် LL.M** **ဒေါ်အေးနန္ဒာထွန်း LL.B** **ဒေါ်မာလာစိုး LL.B** **ဒေါ်ဖူးသန့်မွန် LL.B**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၃)၊ ဦးပိုင်အမှတ်(၆၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးထွန်းမင်းစိုး အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးထွန်းမင်းစိုး(ဘ)ဦးစိန်မောင်(၈/မကန(နိုင်)၁၂၉၇၁၂)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး(LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး(LL.B)** **ဦးဝေဖြိုးအောင်(LL.B)** **ဒေါ်မွှေးမွှေးမြတ်သွယ်(LL.B)** **ဒေါ်ပွင့်ဖြူကျော်(LL.B)**

**(အထက်တန်းရှေ့နေများ)**

**(TNS Law Firm & Legal Services)**

**(နန-၁၃/၄)၊ လမ်း(၆၀)၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ➢ ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၆)၊ ဦးပိုင်အမှတ်(၃၉)မြေကွက်သည် ဦးအောင်ကြည် အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ထဲရှိ မြောက်အစွန်ဆုံးခြမ်း(၁၅ ပေ × ၄၅ ပေ)အကျယ်အဝန်းရှိသော မြေနှင့်အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာ အပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ခင်မျိုးလွင်ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ**

**(တတ-၄၆/၁၆)၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၁၀၆-ဃ/၉)၊ ၆၃ လမ်း၊ ၂၂ လမ်းနှင့် ၂၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးစောလွင်၊ ဒေါ်ပိုက်ပိုက်တို့ (၂)ဦးအနက် ခင်ပွန်းဖြစ်သူ ဦးစောလွင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၄၅၈/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ပိုက်ပိုက် (၉/မရမ(နိုင်)၀၀၉၀၃၉)က အမှုတွဲအမှတ်(၄၀၉၄/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၃)တွင်တည်ရှိသော ဦးပိုင်အမှတ်(၆၁)၊ ဧရိယာဧက(၀ ဒသမ ၀၅၅)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်(ရေမီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးရန်နိုင်ထွန်း(၅/တဆန(နိုင်)၀၇၁၈၀၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှုမိုး (ဥပဒေဘွဲ့)** **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**
**(တရားလွှတ်တော်ရှေ့နေ)** **(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ-၁၁/၄၁ + ၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း 09-2070007, 09-792070007, 09-43250000**

## မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၇၄)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ(၀ ဒသမ ၀၄၃၃)ဧက အကျယ်အဝန်းရှိသော ဦးဘရွှေ၊ ဒေါ်သန်းသန်း အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်းဧရိယာ (၁၀ပေ×ပေ၈၀)အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်နှင့် အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဒေါ်သန်းသန်း(ဘ)ဦးဘအေး(၉/မရမ(နိုင်)၀၃၄၃၅၄)၊ (၂)ဒေါ်ခင်လှ(ဘ)ဦးဘရွှေ(၉/မရတ(နိုင်)၀၆၈၁၂၆)၊ (၃) ဦးသိန်းအောင်(ဘ)ဦးဘရွှေ(၉/မရတ(နိုင်)၀၆၈၁၂၅)၊ (၄) ဒေါ်ခင်မြ(ဘ)ဦးဘရွှေ(၉/မရတ(နိုင်)၀၆၈၁၂၇)၊ (၅) ဒေါ်ခက်ခက်ဦး(ဘ)ဦးတိုးအောင်(၉/မဟမ(နိုင်)၀၄၄၁၆၅)၊ (၆) ဒေါ်ထက်မြက်ထွေး(ဘ)ဦးတိုးအောင်(၉/အမရ(နိုင်)၁၉၇၈၁၈)၊ (၇) ဒေါ်ခင်မြလွင်(ဘ)ဦးကိုကိုလွင်(၉/မဟမ(နိုင်)၀၈၇၆၉၁)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၇)၊ ဦးပိုင်အမှတ်(၂)၊ မြေကွက်ပေါ်တွင် ဒေါ်ငွေငွေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၈၀၈၁၅)က SS (၃)ထပ် အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၄၉၂၊၀၁)၊ ဦးပိုင်အမှတ်(၁၆)၊ မြေကွက်ပေါ်တွင် ဦးညီညီ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/လရန(နိုင်)၀၆၉၇၂၃)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
အဆောက်အအုံနှင့်ကုန်ရုံဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၁)၊ ဦးပိုင်အမှတ်(၁၈+၁၉)၊ မြေကွက်ပေါ်တွင် ဦးအောင်ကိုလတ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၈၃၉၆၆)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၁၀၆)၊ ဦးပိုင်အမှတ်(၅-င+၉-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်စန်းစန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနတ(နိုင်)၀၈၃၃၄၆)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၇-ထ/၂)၊ မြေကွက်ပေါ်တွင် ဒေါ်တင်ဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၆၇၆၉၀)က SS-(၂)ထပ်အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ (အိမ်ဖျက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၆)၊ ဦးပိုင်အမှတ်(၂၇-ခ+၂၈-ခ)၊ မြေကွက်ပေါ်တွင် ဒေါ်ဒွန်းမာယာ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/နခတ(နိုင်)၀၄၉၂၉၅)က RC (၂)ထပ် အဆောက်အအုံဖျက်သိမ်းခွင့်(အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၄၂)၊ ဦးပိုင်အမှတ်(၁၁+၁၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁+၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိသော ပိုလ်မှူးကြီး အောင်မြင့် အမည်ပေါက်ဂရန်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁) ဦးမော်ခိုင်ကန်း(ဘ)ဦးမော်ကျားရှင်(၁၃/ကခန(နိုင်)၀၅၇၈၇၂)၊ (၂) ဒေါ်မော်မြန်ရီ(ဘ)ဦးမော်ကွမ်းရှိုး(၁၃/ကခန(နိုင်)၀၃၁၃၇၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၃)၊ ဦးပိုင်နံပါတ်(၆၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)၏ အရှေ့ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ ဦးရွှေနှန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်အောင်(ဘ)ဦးအောင်ဖေ(၅/ငဇန(နိုင်)၀၃၈၆၂၉)[၄င်း၏ ကိုယ်စား ဦးမိုးဆွေ(ဘ)ဦးရွှေမူ(၅/ငဇန(နိုင်)၀၃၅၃၃၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | | |
|---|---|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** | **ဒေါ်အိအိမွန် (LL.B, LL.M)** | | |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | | |
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၂)၊ ဦးပိုင်နံပါတ်(၁၅-က/၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၀၆၈)ဧက အကျယ်အဝန်းရှိ ဦးထွန်းကြည် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးချို(ဘ)ဦးခင်မောင်အေး(၉/မရတ(နိုင်)၁၂၆၄၈၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| | | | |
|---|---|---|---|
| **ဦးတင်အောင်မိုး(LL.B, LL.M)** | **ဒေါ်အိအိမွန်(LL.B, LL.M)** | | |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | | |
| **ဒေါ်ယုသစင်အောင်(LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ကန်ကောက်ရပ်ကွက်၊အကွက်အမှတ်(၅၁၄/၆)ဦးပိုင်အမှတ်(၃၀၀/၁)၊ အရှေ့အနောက်(၉'-၃")၊ တောင်မြောက်(၂၀')အကျယ်အဝန်းရှိ မြေကွက်နှင့် အာရ်စီ(၃)ထပ် အဆောက်အအုံကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူဖြစ်သော ဦးမင်းမင်းအောင်(ဘ)ဦးသန်းထွန်း (၅/ကလန(နိုင်)၀၃၉၇၇၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ အထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးအောင်မြင့်ထွန်း(LL.B,D.B.L,D.I.L)** **ဒေါ်ဝင်းမို့မို့အောင်(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၅၆၁၄၊ ၀၉-၇၉၇၅၀၀၁၃၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံ(စ)ရပ်ကွက်၊အကွက်အမှတ်(ထထ-၃၀)၊ဦးပိုင်အမှတ်(၅၇+၇၀)၊ဧရိယာ ပေ(၆၀×၈၀)အကျယ်အဝန်းရှိ ဦးထက်ဝေမင်းထွန်း(၁၂/ရတန(နိုင်)၀၆၁၃၂၇)အမည်ဖြင့် ချထားရရှိသော မြေကွက်နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသောင်းနေဦး(၁၂/သဃက(နိုင်)၀၅၅၈၆၇)၊ ဒေါ်နှင်းနုထွေး(၉/အမဇ(နိုင်)၀၀၁၀၄၇)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဝဏ္ဏ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ရ-၄/ ၇၀-က)၊၆၁(ဘီ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား၊မြို့သစ်(၃)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၇၈၂၁၅၀၊ ၀၉-၉၇၀၁၁၅၁၁၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၃)၊ ဦးပိုင်အမှတ်(၃၇)၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးဘချစ် အမည်ဖြင့် ချထားရရှိထားသော မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း၊ ဧရိယာ(၂၅ပေ×ပေ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ် အဆောက်အအုံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေရရှိပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးကျော်ဝင်း+ဒေါ်ခင်ခင်ညွန့်တို့၏ သားများဖြစ်သော ၁။ ဦးဇော်မျိုးကျော်(၉/မရတ(နိုင်)၁၂၆၂၁၈)၊ ၂။ ဦးဉာဏ်ထွန်းကျော်(၉/မရတ(နိုင်)၁၂၆၁၀၇)၊ ၃။ ဦးချစ်လင်းကျော်(၉/ခမစ(နိုင်)၀၁၈၂၆၈)၊ ၄။ ဦးသန်းတိုးကျော်(၉/ခမစ(နိုင်)၀၄၁၂၅၇)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်နန်းရွှေစင်ငယ် (LL.B)** **ဒေါ်တွယ်တာဝင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ**
**'Easy' အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း**
၃၃လမ်း၊ လမ်း၇၀နှင့်၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၇၃၈၀၁၉၁

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၅/ရဲမွန်တောင်)၊ ဦးပိုင်အမှတ်(၁၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်အေးမ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၃၀ × ၄၀) အကျယ်အဝန်း၏ အရှေ့ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်နုနုယဉ်(ဘ)ဦးဟာရီကစ္စနား(၉/မရတ(နိုင်)၁၂၂၁၇၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်လတ်လတ်အောင်(တရားလွှတ်တော်ရှေ့နေ)**
**တတ(၁၅)၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။ ဖုန်း ၀၉-၄၄၂၀၅၆၉၈၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်နေ (ဘ)ဦးခင်မောင်တင့်(၉/မနမ(နိုင်)၀၆၈၅၄၅) + (မိ)ဒေါ်မြင့်ရီ(၉/မနမ(နိုင်)၀၉၇၄၂၉)တို့၏ သားဖြစ်သူ မောင်ရဲသီဟ(၉/ခမစ(နိုင်)၀၄၅၉၀၃)သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြောဆိုပြုမူလုပ်ကိုင်ပါသဖြင့် သား မောင်ရဲသီဟအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးခင်မောင်တင့် + ဒေါ်မြင့်ရီ**
၅၇လမ်း၊ ၁၀၄(အေ)လမ်းထောင့်၊ အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၃)၊ ဦးပိုင်နံပါတ်(၁၁၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဦးဇော်ကြီး၊ ဒေါ်တင်ငြိမ်းနှင့် ဦးအောင်နိုင်တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စန်းရီ(ခ)ဒေါ်စန်းရင်(ဘ)ဦးခွေးဖြူ(ခ)ဦးဖွေးဖြူ(PBE-၁၇၃၀၂၆)(၉/မနတ(နိုင်)၀၄၆၃၉၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင်(LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

## မန္တလေးမြို့ ၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၈၉)၊ ဦးပိုင်အမှတ်(၃၆-က)၊ ဧရိယာ(၀ ဒသမ ၀၁၆၇)ဧက အကျယ်အဝန်းရှိသော ဦးဇော်ဇော် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော (၁) ဦးဇော်ဇော်(ဘ)ဦးမြဆောင်(၉/မနတ(နိုင်)၀၁၅၄၆၀)၊ (၂) ဒေါ်မေသူဇော်(ဘ)ဦးဇော်ဇော်(၉/အမဇ(နိုင်)၀၁၈၁၈၇)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## ဦးမိုဟာမက်(၉/မရမ(နိုင်)၀၉၁၀၇၀)နှင့် ဦးအဇမ်(ခ)ဦးအဇင်း(၉/မနမ(နိုင်)၀၉၁၄၅၁) ကိုင်ဆောင်သူတို့မှ (၂၀-၁၁-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၈)တွင် ကြေညာခြင်းနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်နေ အိပ်ယားစ်(ခ)လှဝင်း၊ ဒေါ်ရိုကိုင်ရာ၊ ဦးမျိုးမင်းထက်၊ ဦးစိုးလွင်(ခ)အိက်ဗားလ်ပတေး၊ ဦးဘီလားလ်၊ ဒေါ်ရစီဒါဘီဘီတို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ရှင်းလင်းအသိပေး ကြေညာအပ်ပါသည်။

ဦးမိုဟာမက်(၉/မရမ(နိုင်)၀၉၁၀၇၀)နှင့် ဦးအဇမ်(ခ)ဦးအဇင်း(၉/မနမ(နိုင်)၀၉၁၄၅၁) ကိုင်ဆောင်သူတို့၏ လွှဲအပ်ချက်အရ ဒေါ်ခင်ရွှေထူး (တရားလွှတ်တော်ရှေ့နေ)မှ (၂၀-၁၁-၂၀၂၅)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၈)တွင် ကြေညာထားသော အကြောင်းအရာများမှာ မှန်ကန်မှုမရှိပါ။ မိဘများဖြစ်သည့် ဦးကာစင်မိုဟာမက်ပတေးနှင့် မိခင် ဒေါ်ဖာတီမာတို့ ကွယ်လွန်သွားပြီးနောက် ကျန်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအားလုံးကို ကျန်သားသမီး (၁၀)ဦးစလုံး သဘောတူညီချက်ဖြင့် အမွေခွဲဝေယူဆောင်ကြပြီး ဖြစ်သည်ဆိုခြင်းမှာ လုံးဝမှန်ကန်မှုမရှိပါ။ ထို့ပြင် မိမိတို့၏ ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ တရားဝင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်သည်ဟု ဖော်ပြထားသည့်အချက်လည်း လုံးဝ မမှန်ကန်ပါ။

(၁) မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၃)၊ ဦးပိုင်အမှတ်(၄-က + ၂၀-၇)၊ ဧရိယာ(၀ ဒသမ ၀၂၈၈ + ၀ ဒသမ ၀၀၇၀) အကျယ်အဝန်းရှိ မြေကွက်၊ (၂) မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၁၇၉)၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀ ဒသမ ၀၄၁၉) အကျယ်အဝန်းရှိ မြေကွက်နှင့် (၃) မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ်(၆၀၂)၊ ၂၆လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြား၊ အမှတ်(၂၆၅/၃)၊ မြေညီထပ် ဆိုင်ခန်း(၁)ခန်းတို့မှာ မိဘများ ကွယ်လွန်ပြီးနောက် အမွေခွဲဝေရန် ကျန်ရစ်ခဲ့သည့် ပစ္စည်းများ ဖြစ်ပါသည်။ ထို့ကြောင့် အမွေဆိုင်မောင်နှမများအားလုံး၏ သဘောတူ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် အသိပေးရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးဝင်းသန်း**
**(B.Sc (Chem), H.G.P, D.B.L)**
**အထက်တန်းရှေ့နေ**
**ဦးတင်ဇော်လတ်(LL.B)** **ဦးရဲကျော်သူ(LL.B)** **ဦးငြိမ်းချမ်းကျော် (LL.B)** **ဦးစည်သူမြင့်(LL.M)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**
**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။**
**ဖုန်း ၀၉-၄၀၂၆၂၃၁၂၈၊ ၀၉-၄၀၂၆၂၂၄၇၁**

❖ ယနေ့ခေတ်သည် သတင်းမီဒီယာခေတ်ဖြစ်သည်နှင့်အညီ လူမှုကွန်ရက်များ အသုံးပြုရာတွင်လည်း အကျိုးမဲ့ဖြစ်စေမည့် မိမိနှင့်မိမိတို့၏ အဖွဲ့အစည်းကို ထိခိုက်စေနိုင်သည့် လုပ်ဆောင်ချက်များမဖြစ်အောင် တစ်ဦးချင်းအသိတရားဖြင့် အသုံးပြုကြရန်လို...

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ မြိတ်တပ်နယ်မှ အရာရှိ၊စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရှုခင်းကြည့် Sightseeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား



နေပြည်တော် ဒီဇင်ဘာ ၇

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများအား စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါ်မူ-တောင်ကြီး (အသွား/အပြန်)ရထားခရီးစဉ်ကို အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပြေးဆွဲပေးလျက်ရှိရာ ရထားစီးခရီးသည်စီးနင်းမှု များပြားလျက်ရှိသည်။

ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးဘူတာမှ စတင်ပြေးဆွဲသည့် ရထားခရီးစဉ်တွင် တောင်ကြီးတက္ကသိုလ်မှ ဆရာ ဆရာမ ၁၂ ဦး၊ အေးသာယာမြို့နယ် အစိုးရနည်းပညာကောလိပ်(GTC)မှ ကျောင်းသားကျောင်းသူ ၅၀၊ အောင်ပန်းမြို့ရှိ GELC ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၆၂ ဦးနှင့် အများပြည်သူ ရထားစီးခရီးသည် ၉၀ စုစုပေါင်း ခရီးသည် ၂၁၄ ဦး လိုက်ပါစီးနင်းကြသည်။ ထို့အတူ ရုံးပိတ်ရက် စနေနေ့ဖြစ်သော ဒီဇင်ဘာ ၆ ရက် ခရီးစဉ်၌ တောင်ကြီးမြို့ရှိ Sure the Children(Shan State NGO)မှ ၃၀၊ ကန်ကြီးရပ်ကွက် အဖွဲ့သူအဖွဲ့သား ၆၀ နှင့် အများပြည်သူ ရထားစီးခရီးသည် ၁၂၄ ဦး လိုက်ပါစီးနင်းခဲ့ကြသည်။

စာမျက်နှာ ၁၀ သို့ ❐

# ပန်တိုဂျာကို အနိုင်ယူပြီး မြန်မာဖိုက်တာ ဂျိုရှုအာဗန် UFC ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာ



**ဝါရှင်တန် ဒီဇင်ဘာ ၇**

UFC 323 ပွဲစဉ်အား ယနေ့နံနက်ပိုင်းက အမေရိကန်နိုင်ငံ လတ်စ်ဗီးဂက်စ်မြို့တွင် ကျင်းပရာ မြန်မာဖိုက်တာ ဂျိုရှုအာဗန်က လက်ရှိချန်ပီယံ ဘရာဇီးနိုင်ငံသား ပန်တိုဂျာအား အနိုင်ယူပြီး ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။

ဂျိုရှုအာဗန်သည် ပထမအချီ ၂၆ စက္ကန့်မှာပင် ပန်တိုဂျာအား အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိချန်ပီယံဖြစ်သည့် ပန်တိုဂျာသည် ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ရန်အတွက် ပွဲစကတည်းက တရစပ်ဖိထိုးခဲ့ပြီး ဂျိုရှုအာဗန်ကို အမြင့်ကန်ချက်ဖြင့် တိုက်ခိုက်ခဲ့ရာ ဂျိုရှုအာဗန်က ခြေထောက်ကို ဖမ်း၍ ပြန်တွန်းလိုက်ရာ အကျတွင် ဟန်ချက်မထိန်းနိုင်ဘဲ ဘယ်ဘက်တံတောင်ဆစ် ထိခိုက်မိပြီး ဆက်မထိုးနိုင်တော့သဖြင့် ဒိုင်ပွဲရပ်ဖြင့် ဂျိုရှုအာဗန်က အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂျိုရှုအာဗန်သည် UFC ပြိုင်ပွဲတွင် ပထမဆုံး ၂၁ရာစုဖွား ချန်ပီယံအဖြစ်လည်း မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့သည်။

ထို့ပြင် ဂျိုရှုအာဗန်သည် UFC ၏ ပထမဆုံး အာရှအမျိုးသားနှင့် မြန်မာကစားသမား ချန်ပီယံအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ဂျိုရှုအာဗန်သည် UFC နှင့် လက်တွဲပြီးနောက် ၁၀ပွဲထိုးသတ်ရာတွင် ကိုးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားပြီး နောက်ဆုံး ခြောက်ပွဲ ဆက်တိုက် အနိုင်ရရှိခြင်းနှင့်အတူ ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့ခြင်းဖြစ်သည်။

**နိုင်ကမ္ဘာ**



# ၂၀၂၅ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ချောင်ဘူရီ ဒီဇင်ဘာ ၇**

၂၀၂၅ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိပြီး အုပ်စုအဖွင့်ပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

မြန်မာအသင်းသည် ၂၀၂၅ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ဒုတိယပွဲစဉ်အဖြစ် ဒီဇင်ဘာ ၈ ရက် (ယနေ့)မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ပွဲစဉ်အား MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **(NGB)**